

"လောကကြီးမှာ မောင်တို့ရဲ့ တိုင်းပြည်ကလွဲရင် မောင့် အချစ်ဆုံးဟာ မေခင်ပါပဲ၊ မိုးကြောင့် ရေဖြစ်လာရပြီး ရေ ကြောင့် မိုးဖြစ်လာရသလို မောင့်ကြောင့် မေခင်ကလည်း ရပ်တည်နိုင်ခဲ့တယ်။ မောင်တို့နှစ်ယောက်ဟာ တစ်ယောက် နဲ့တစ်ယောက် အမှီသဟဲပြုနေကြတဲ့ 'မိုးနဲ့ရေ' လိုပါပဲ မေခင်ရယ်"
ခင်ဆွေဦး
မိုးနှင့်ရေ
ပြန်လည်ရိုက်နှိပ်ခြင်း
mgyoe.com

mgyoe.com

ခင်ဆွေဦး

မိုးနှင့်ဂေ

kso0004

2300.00 Ks

mgyoe.com

mgyoe.com

မိုးနှင့်ရေ ခင်ဆွေဦး
အပြင်အဆင်-အမ်အက်စ်အို၊ စာမျက်နှာ ၂၀၄ မျက်နှာ၊ ၁၃ စင်တီ× ၂၀.၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၆၊ ဇူလိုင်လ၊ ပြန်လည်ရိုက်နှိပ်ခြင်း၊ ၁၉၉၃ ပြုံးစာပေ၏စတုတ္ထအကြိမ်မှ၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၂၃၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# မိုးနှင့်ရေ

ခင်ဆွေဦး

ပြန်လည်ရိုက်နှိပ်ခြင်း၊ ၂၀၁၆

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

# စာရေးသူ၏ အမှာ

## "နောက်ကြောင်းပြန် အလင်းတန်း"

– ၁ –

သည်အမှာစာဟာ ကျွန်မရဲ့ "မိုးနဲ့ရေ" လုံးချင်းဝတ္ထုအမှာလို့ ဆိုရမှာထက် စာပေမှတ်တိုင်တစ်တိုင် ထူးခြားစွာ ထူလိုက်တဲ့ စာပေနယ် ထုတ်ဝေရေးအစီအစဉ်အတွက် အမှာဖြစ်ကြောင်း ဦးစွာ ပြောကြားလိုက်ပါတယ်။ စာပေရေစီးကြောင်းမှာ သဘော်တည်ဆောက် ခုတ်မောင်းလာသူ၊ ဖောင်ဖွဲ့လာကြသူတွေ၊ လှေကူးတို့လှော်ခတ်လာခဲ့ကြသူတွေ၊ ဒိုက်သရောမှာ မျောလာသူတွေ၊ ခေတ်အဆက်ဆက် ဖြတ်ကျော်လာခဲ့ကြပါတယ်။ ဆိုလိုတာက စာပေပုံစံအမျိုးမျိုး လက်ဆင့်ကမ်းခေတ် စံချိန်သစ်တွေမှာ ရေးဖွဲ့ခဲ့ကြတာကို ဆိုလိုတာပါ။ လွန်ခဲ့တဲ့ ၁၀ နှစ်ကျော်ကျော်တုန်းက ဂျပန်ပြည် တိုယိုတာကုမ္ပဏီက စာပေထုတ်ဝေသူ ကွယ်လွန်သူ မစ္စတာအိမူရာ (Mr.Inura) လည်း ပြောခဲ့ဖူးပါတယ်။ ကျွန်တော်တို့ဆီမှာ ဂျိန်းစ်ဘွန်းလို စုံထောက်အချစ်ဝတ္ထုရေး၊ ဆာမူရိုင်းဓားသိုင်းဝတ္ထုတွေ ထွန်းကားတွင်ကျယ်ပေမဲ့ ဂန္ထဝင်ဆန်ဆန် ဝတ္ထုတွေဖတ်ရှုမယ့် သီးခြားပရိသတ်လည်း ရှိနေပါတယ်တဲ့။ ဂန္ထဝင်ဝတ္ထုတွေဟာလည်း ရေရှည်တည်တံ့ပြီး ခေတ်အဆက်ဆက် ဖတ်ရှုဖို့ သူ့မိတ်နဲ့သူ ရှိနေတတ်ပါတယ်လို့ ကျွန်မတို့ မြန်မာ စာရေးဆရာများကလည်း ပြန်ဆွေးနွေးကြပါတယ်။

ကျွန်မတို့ငယ်ငယ်ကျောင်းသူဘဝတုန်းက ဖတ်ရှုစွဲလမ်း တွယ်ငြိခဲ့တဲ့

mgyoe.com

mgyoe.com


ကျွန်မတို့အင်္ဂလိပ်စာဖတ်ပရိသတ်အခေါ် မော်ဒန်ဂန္ထဝင်ခေါ်တဲ့ (Modern Classics) ဂျွန်စတိန်းဘတ် ပုလဲအရှေ့အီဒင်ဝတ္ထုများသော် လည်း ဂျိုင်းရဲ့ စစ်နှင့်ငြိမ်းချမ်းရေး၊ ပါးလ်ဆက်ပ်ရဲ့ မြေပဒေသာ (Good Earth) ဂျိုဘက် ကွန်ရဒ်ရဲ့ ဟော့ချပ် (Lord Jin) စတဲ့ ဝတ္ထုတိုတွေကို မြန်မာဝတ္ထုဇာတွေမှာ လည်း ဂျာနယ်ကျော်မမလေးရဲ့ မုန်း၍မပလ္လ၊ ခင်နှင်းယုရဲ့ မွေး၊ မိုးကျော်သူ ရဲ့ စိမ်းသင့်မှစိမ်း၊ ဆရာတက္ကသိုလ်ဘုန်းနိုင်ရဲ့ သူငယ်ချင်းလို့ပဲ ဆက်၍ ခေါ်မည်ခိုင် စသည်ဖြင့် ကျွန်မနဲ့ သူငယ်ချင်း စာဖတ်သူတွေ စွဲလမ်းခဲ့ကြ တယ်။ သည်ဝတ္ထုတွေမှာ မှတ်မှတ်ရရ တစ်ကြိမ်ရိုက် အုပ်ရေ ၅၀၀၀ ကနေ တစ်သောင်းကျော်၊ ဒုတိယ၊ တတိယ၊ စတုတ္ထအကြိမ်အထိ ရိုက်နှိပ် ထုတ်ဝေပြီး ဖြစ်ခဲ့ကြပါတယ်။ ခုခေတ် 'ဂျူး'တို့၊ 'နေနော်'တို့၊ ကိုစိန်ဝင်း (ပုတီးကုန်း)၊ ငြိမ်းကျော်၊ နွမ်ဂျာသိုင်းတို့ လူအများ ဖတ်ရှုအားပေးကြတဲ့ ဝတ္ထုတွေလို ဘက်(စ်)ဆဲလားခေါ်တဲ့ အရောင်းရ အထူးတွင်ကျယ်တဲ့ ဝတ္ထု တွေ ဖြစ်ခဲ့တာလည်း အမှန်ပါပဲ။ သူ့ခေတ်နဲ့တော့ သူ တွင်ကျယ်တယ် ဆိုတာလိုပါပဲ။ ကျွန်မတို့ ကိုယ်ပိုင်စာအုပ် ထုတ်ဝေရေးလုပ်ခဲ့ကြတဲ့အချိန် တွေမှာ သူများစာအုပ်တွေ ကုန်လို့ မုဒိတာပွားရသလို ကိုယ့်စာအုပ်တွေ တစ်ပတ်မပြည့်ခင် ကုန်သွားတာတို့၊ မလောက်မင ဖြစ်သွားရတာတွေ အတွက် ဝမ်းသာကြည်နူးခဲ့ရတာ အမှန်ပါပဲ။

– ၂ –

နွေလယ်နေ့တစ်နေ့။ ခြံထဲက ရွက်ကြွေတောရှေ့မှာ ကားဖြူလေး တစ်စီး ထိုးဆိုက်ပြီး ကျွန်မတို့အိမ်ထဲကို အမျိုးသမီးနှစ်ဦး ဝင်လာခဲ့ကြ ပါတယ်။ တစ်ဦးက အသားဖြူဖြူ တစ်ဦးက အသားလတ်၊ အရပ်မနိမ့် မမြင့်၊ အလုံးအရပ်အနေတော်၊ အမျိုးသမီးနှစ်ဦးလုံးရဲ့ အပြုံးတွေဟာ တောက်လက်လို့နေပါတယ်။ ကျွန်မ နဂို ခင်မင်နေတဲ့ စာရေးဆရာမလေး မနှင်းဖွေး (ဘာသာပြန်ဌာန) က ဖြစ်ပြီး သူမိတ်ဆက်ပေးသူကတော့ မပြုံး (ခေါ်) ပြုံးပြုံးခင် (ပြုံးစာပေ) က ဖြစ်ပါတယ်။

"သူက အရင်တုန်းက လုံးချင်းဝတ္ထုတွေ၊ ရုပ်ပြတွေ ထုတ်ဝေဖူးပါ တယ်။ သူက ဝါသနာအရ လုပ်ခဲ့တာဆိုတော့ လုံးချင်းတွေကလည်း

mgyoe.com

mgyoe.com



သူကြိုက်လုပ်တော့ စီးပွားရေးအရမကိုက်ဘူး မမရဲ့၊ အဲဒါ ခဏနားပြီး
ခု ပြန်လုပ်မှာ”

မပြုးက မနှင်းဖွေးရဲ့စကားကို ဆက်ပြီး . . .

ကျွန်မက ပြန်လည်ဆန်းသစ်ခြင်း အစီအစဉ်မျိုးနဲ့ ထုတ်ဝေသွားမှာ၊ ကျွန်မ ငယ်ငယ်တုန်းက စွဲလမ်းခဲ့တဲ့ ဝတ္ထုမျိုးတွေပေါ့ မမရယ်၊ ဒါကြောင့် မမဝတ္ထုလည်း ကျွန်မ ရချင်ပါတယ်။ လောလောဆယ် အစီအစဉ်အရ တော့ ဆရာ မြသန်းတင့်ရဲ့ ‘ထားကျွန်မလင်’၊ မမစု (ခင်နှင်းယု)ရဲ့ ‘ပင်တိုင်စံ မဖျိုင်း’ အဲဒါ ပထမတစ်သုတ်၊ နောက် ဂျာနယ်ကျော်မမလေးရဲ့ ‘သူမ’၊ မမဦးရဲ့ ဝတ္ထုတစ်ခု၊ ဆရာသော်တာဆွေရဲ့ ‘ပုဂံခေတ်သူရဲကောင်း များ’ ပထမနဲ့ ဒုတိယတွဲ၊ ဒီလိုထုတ်ဝေဖို့ စီစဉ်ထားပါတယ်”

“ဟုတ်လား၊ မမဦးရဲ့ ဘာဝတ္ထု လိုချင်တာလဲ၊ မမဦးလည်း ကိုယ့်ဝတ္ထု ဟောင်းလေးတွေ ကိုယ်တိုင်ထုတ်တဲ့ အစီအစဉ်လည်းရှိနေတယ်။

“ကျွန်မလား၊ ကျွန်မလိုချင်တဲ့ ဝတ္ထုတွေကတော့ . . .

သူက ကျွန်မဝတ္ထု သူကြိုက်ခဲ့ဖူးတာတွေကို အလွတ်ရွတ်သွားပါ တယ်။ မပြုးနဲ့ ကျွန်မ အကြိုက်ချင်းကလည်း တူနေတယ်။ အံ့သြစရာပါပဲ၊ ကျွန်မရဲ့ လုံးချင်းဝတ္ထု ၆၀ မှာ ကျွန်မအကြိုက်က ၁၀ အုပ်ပြည့်အောင် ထွက်လာတာမှ မဟုတ်ဘဲ သူလိုချင်တာတွေကလည်း ကိုယ့်အကြိုက်ချင်း ညီတာတွေ ဖြစ်နေတယ်။

‘ပြုးက စ အကောင်အထည်ဖော်မယ့်သူဆိုတော့ ပြုးကြိုက်တာ ရွေးပါ’ လို့ ဦးစားပေးလိုက်ရပါတယ်။ မပြုးကလည်း ကျွန်မ စိတ်တိုင်းကျလောက် အောင် ကျေနပ်စရာကောင်းတာက သူက တကယ်ကို စာသမား၊ ဝတ္ထုထဲ က ဇာတ်ကောင်တွေ အခန်းတွေ၊ ဇာတ်လမ်း ဇာတ်ကွက်တွေကို အကုန် အလွတ်ရနေတာ စာကျေညက်တဲ့ ထုတ်ဝေသူကို ကျွန်မ မငြင်းဆန်နိုင် ပါဘူး။ ကိုယ်ပိုင်ထုတ်ဝေမယ့် အစီအစဉ် လုံးချင်းဝတ္ထုတွေထဲက ‘မိုးနဲ့ရေ’ ဆိုတဲ့ ဝတ္ထုကို ပေးလိုက်ပါတယ်။ ကျွန်မက စာမဖတ်ဖူးတဲ့ ထုတ်ဝေသူ မျိုးကို ဆက်ဆံရမှာကို ဝန်လေးနေမိတတ်ပါတယ်။ ကျွန်မ ဖေဖေက လည်း ပြောခဲ့ဖူးတယ်။ သူ့ဆီရောက်လာတဲ့ ထုတ်ဝေသူတွေထဲ အချို့ဟာ “ယောက်မ” တွေတဲ့။ ဟင်းအိုးမွှေတဲ့ယောက်မဟာ ဟင်းအရသာ မသိသလို

mgyoe.com

mgyoe.com



ဘဲတဲ့၊ ဟင်းအိုးမွှေတဲ့ယောက်မဟာ ဟင်းအရသာ မသိသလိုဘဲ၊ စာအုပ်ထုတ်ဝေသူတွေ အတော်များများဟာ စာအရသာ မသိကြဘူးလို့ မကြာမကြာ ပြောသံကြားဖူးပါတယ်။ ဒါက စာရေးဆရာနဲ့ ထုတ်ဝေသူတို့ရဲ့ ကြားခံဆက်သွယ်ရေးမှာ အရေးတကြီး လိုအပ်သလို စာပေတိုးတက်ရာ တိုးတက်ကြောင်း ဖြစ်တယ်ဆိုတာကို ကျွန်မ စဉ်းစားမိလို့ပါပဲ။

– ၃ –

ကျွန်မတို့ စာအုပ်ဟောင်းတွေ ရှာဖွေရတဲ့ ဖိုတို စတက်ဆွဲတာ၊ စိစစ်ရေးတင်ရတာတွေ သိပ်ပြီး လက်ဝင်တဲ့ အလုပ်တွေဖြစ်လည်း ပြုံး ညည်းသံ ညူသံ တစ်ချက်လေးမှ မကြားရဘူး။ ဘာလုပ်လုပ် ချွေးသံတွေ ကြားထဲ ပြေး ပြေးလာပြီး အပြုံးမပျက်ရှာဘူး။ ဆရာ မြသန်းတင့်နှင့် ကျွန်မတို့ သူနဲ့ ဆုံမိကြရင် စိုးရိမ်ပူပန်နေကြတယ်။ ရုပ်မြင်သံကြားမှာ ကြော်ငြာမယ်ဆိုတော့ ကြည့်လည်းလုပ်ဦးနော် ရှာဖွေ ထားတဲ့ ပိုက်ဆံတွေ ကုန်သွားဦးမယ်ဆိုပြီး ဆရာက သတိပေးပါတယ်။

"ကျွန်မတို့ ရှာဖွေထားတဲ့ငွေတွေ ရှုံးသွားရင် ဆရာကြီးတွေ၊ ဆရာမကြီးတွေကို ပူဇော်ရာကျတာပေါ့ ဆရာရယ်၊" သူက ကြံဖန် စေတနာထားသေးတာ၊ ကျွန်မ ဝတ္ထုစိစစ်ရေးက မကျသေးခင်မှာဘဲ ကျွန်မကို ဉာဏ် ပူဇော်ခ ငွေကန်တော့တော့ "နေပါဦး ပြုံးရယ်၊ ဝတ္ထု ခွင့်ပြုချက်ရပါစေဦး" တားမိသေးတယ်။ "သူက မမရယ် အချိန်ပဲ စောင့်ရမှာ ပါ။ ကျွန်မ ရည်စူးထားပြီးသားမို့ပါ" လက်ခံချင်အောင် ပြောပြီးပေးရှာတယ်။

သူ့အယူအဆကတော့ ကျွန်မတို့ စာရေးသူတွေရဲ့ အယူအဆနဲ့ မကွာခြားလှပါဘူး။ စာပေနဲ့ ပတ်သက်လို့ "ဒနာရစ်" ဆိုတဲ့ စာရေးဆရာ တစ်ဦး ပြောခဲ့ဖူးတာ အမှတ်ရနေမိသေးတယ်။

ကျယ်ပြန့်တဲ့ အတွေးအခေါ် အယူအဆတွေဟာ အယောင်ဆောင်မှုတွေ၊ ကောက်ကျစ်မှုတွေ ကြားက အမြဲတမ်း သစ္စာတရားတွေ နေမှာပဲ။ ဒီသစ္စာတရားဟာ နောက်ဆုံးမှာတော့ အားလုံးကောင်းကျိုးအတွက် မုချ လွှမ်းမိုးလာမှာပဲ။

ဝတ္ထုထဲမှာ ရှာဖွေတွေ့ရှိတဲ့ "သစ္စာ" တရားတွေကို သူက ကနေ့

mgyoe.com

mgyoe.com


လူငယ်စာဖတ်သူတွေကြားထဲ ရောက်အောင်ပို့ချင်တာတဲ့လေ။ သူ့ရဲ့ စေတနာပါပဲ။ ဆရာမြသန်းတင့်ရဲ့ "ထားးကျွန်မလင်" ဟာ ဖြန့်ချိပြီး မကြာမီ ရက်ပိုင်းအတွင်းမှာပဲ ဈေးကွက်ဝင်ပြီး မလောက်မင ဖြစ်သွားသတဲ့။ နဂို ၇ဝိ တန် စာအုပ်ဟာအပြင်မှာ ဈေးမြှင့်ရောင်းချနေတယ်လို့ ကြားရပါတယ်။ မမစု (ခင်နှင်းယု) စာအုပ်အတွက် အမှာလည်းရိုက်နှိပ်ထားတဲ့ စောင်ရေထက် အဆများစွာ ဝင်လာသတဲ့။ ဒါဟာ ဖြူစင်သန့်ရှင်းတဲ့ ဝိညာဉ်နဲ့စိတ်ရင်း စေတနာရင်းတွေ အကျိုးပေးသွားပုံပါပဲ။ စာရေးဆရာတော်စတ္တိုင်းနဲ့ဂေါ်ကီတို့ မကြာမကြာရေးဖူးတဲ့ အချက်တစ်ရပ်ရှိခဲ့ဖူးပါတယ်။ စိတ်ရင်းကောင်းရင် အနုပညာသည်ကောင်း တစ်ယောက်ဖြစ်သွားသတဲ့။ ခုတော့ ဒီအချက်ကို ထပ်ဆင့်ပွားကောက်ချက်ချရင် စိတ်ရင်းစေတနာကောင်းတော့ ထုတ်ဝေကောင်းအဖြစ် အောင်မြင်လာတာပေါ့။ သူက ရေစီးကြောင်းမှာ ရပ်နေတဲ့ (သို့မဟုတ်) အခုတ်နေးနေတဲ့ စာပေဖန်တီးသူတွေရဲ့ သဘောကြီးကို ပြင်ဆင်မွမ်းမံ၊ စက်ပြင် ဆေးသုတ်၊ ရွက်လွှင့် ထုတ်လိုက်တဲ့သူကိုး။ ကျွန်မတို့ ဗုဒ္ဓဘာသာဝင်တွေအတွက် ဘုရားဟောလည်း ရှိသားပဲ။

သဒ္ဒိသံ၊ ပါကံ ဇနေမိ။

အကြောင်းနှင့်တူသော အကျိုးကိုရရာ၏လို့ ဆိုပါတယ်။

(ခင်ဆွေဦး)

မှတ်ချက်။ ။ "မိုးနဲ့ရေ" လုံးချင်းဝတ္ထုကို ၁၉၆၅ ခုနှစ် နှစ်ဦးပိုင်းမှ အစပြုပြီး ၁၉၇ဝ နှောင်းပိုင်း အထိ သုံးကြိမ်တိုင်တိုင် ရိုက်နှိပ်ထုတ်ဝေပြီး ၁၉၇၈ ခုနှစ်၊ မေလမှ ဩဂုတ်လအထိ စံပယ်ဖြူမဂ္ဂဇင်းမှာ အခန်းဆက်ပါဝင်ခဲ့ပါတယ်။ အကြောင်းအမျိုးမျိုးကြောင့် စာ၏အဆုံးပိုင်း အထိ မပါဝင်နိုင်ခဲ့တာမို့ စာဖတ်သူများ စာနှင့် အကြိမ်ကြိမ်၊ ဖုန်းနှင့်တစ်တန် လူ ကိုယ်တိုင်တွေ့ဆုံပြီး လုံးချင်းထုတ်ဝေဖို့ အကြံပေးခဲ့တာမို့ ထုတ်ဝေဖို့ စီစဉ်တာဖြစ်ပါတယ်။ ။

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

မိုးရွာလို့ ရေတွေဟာ မခန်းမခြောက်၊ ရေအဖြစ် ကမ္ဘာလောကကြီးမှာ တည်လာသလို ရေတွေကြောင့်လည်း 'မိုး' ရယ်လို့ ဖြစ်လာရတယ် . . .

ဒီလိုပဲ နိုင်ငံသူ နိုင်ငံသားတွေကြောင့် 'နိုင်ငံရေး' ဆိုတဲ့ သဘောတရား ပေါ်ပေါက်လာခဲ့ရသလို နိုင်ငံသူ နိုင်ငံသားတွေရဲ့ အေးချမ်းသာယာမှုဟာ လျော်ကန်သင့်မြတ်တဲ့ နိုင်ငံအရေးပေါ်မှာ တည်တယ် မေခင် . . .

ဒါကြောင့် မောင် နိုင်ငံ့ကောင်းကျိုးအတွက် အလုပ်လုပ်တဲ့ကိစ္စမှာ မေခင်မျက်ရည်မကျလေနဲ့ကွယ်၊ မေခင့်မျက်ရည်ကြောင့် မောင် နောက်ဆံ မတင်းပါရစေနဲ့ . . .

× × ×

ဤကား 'မေခင်'၏မောင် ပြောခဲ့သောစကားများ . . . 'မောင်' သို့မဟုတ် 'ကိုငွေခိုင်' သည် မကြာခဏ ဤသို့ ပြောခဲ့ဖူးလေသည်။

ကိုငွေခိုင် မည်သို့ဆိုစေကာမူ မေခင်၏ဘဝတွင် ကိုငွေခိုင်အတွက် ငိုကြွေးခဲ့ရချည်းသာတည်း။

ရံဖန်ရံခါတွင် ကိုငွေခိုင်သည် မေခင်အား ဤသို့လည်း

mgyoe.com

mgyoe.com


နှစ်သိမ့်တတ်ပေ၏။

"လောကကြီးမှာ မောင်တို့ရဲ့ တိုင်းပြည်ကလွဲရင် မောင့်အချစ်ဆုံးဟာ မေခင်ပါပဲ၊ မိုးကြောင့် ရေဖြစ်လာရပြီး ရေကြောင့် မိုးဖြစ်လာရသလို မောင့်ကြောင့် မေခင်ကလည်း ရပ်တည်နိုင်ခဲ့တယ်။ မောင်တို့နှစ်ယောက်ဟာ တစ်ယောက်နဲ့တစ်ယောက် အမှီသဟဲပြုနေကြတဲ့ 'မိုးနဲ့ရေ' လိုပါပဲ မေခင်ရယ်"

ကိုငွေခိုင်က နှုတ်ရေး စကားတတ်နှင့် ဆိုလေသော စကားများကို မေခင် ဘယ်တော့မှမမေ့။ မေခင်၏ သည်းပွတ်နှလုံးတွင် အမြဲတစေ ကမ္ပည်းအက္ခရာတင်ပြီး ဖြစ်သတည်း။ ။

mgyoe.com

mgyoe.com

[ ၁ ]

ကဆုန်လဆုတ်ရက်များတွင် လျှပ်ပန်းလျှပ်နွယ်တို့ ပြိုးပြက်လျက် မိုးကျဲကျဲတို့ တဖွဲဖွဲ ပက်ဖျန်းလိုက်လေသည်။ စိန်ပွင့်၊ စိန်ခက်ပမာ မိုးပွင့်လေးများမြေသို့ သဲသဲမဲမဲ ကြွေကျလာလေလျှင် မိုးသက်လေသည် ဇော့ယမ်းကာ တိုက်ခတ်လာလေ၏။

"မိုးတွေလေတွေ လာပါလို့ ကဆုန်လပြည့်ကျော်" . . . ဟု ကလေးသူငယ်များ တေးသီချင်းလုပ်ဆိုဘိသကဲ့သို့ လေနှင့်အတူ မိုးပန်းတို့သည် လန်းလန်းရွှင်စွာ မြူးတူးကာ ကစားကြသည်။

ပုလဲငုံ စံပယ်ဖြူတို့သည် မြညာခက်တွင် မေးယှက်တင်ကာ တဝေဝေ ဖူးပွင့်ခိုက် သကြန်ရက်က ကြွင်းကျန်ရစ်သော ပိတောက်ပွင့်တို့သည်လည်း ရွှေရည်လူးကာ မိုးဦးကိုလှမ်းလင့် ကြိုဆိုနေကြသည်။

စိန်ပန်းပွင့် နီရဲရဲတို့သည်လည်း ၎င်းတို့၏တောက်ပသော ပတ္တမြားသွေးနှင့် ခရမ်းပြာပျဉ်းမပွင့်တို့၏ ဂေါမုတ်အသွေးကို အလှချင်းပြိုင် အနိုင်ယူလျက်ရှိလေသည်။

မိုးတစ်ပြိုက် နှစ်ပြိုက်ရွာပြီးစ ညနေဆည်းဆာသည် လှပလေသည်။ သစ်ရွက် အညွှန့်အဖူး၊ အကိုင်းအစို့တို့သည် မြရည်လိမ်းကာ စိမ်းစိမ်းဖန့်ဖန့်နှင့် နုပျိုသန့်စင်လျက်ရှိပေသည်။

ရန်ကုန်မြို့ ဆင်ခြေဖုံးရပ်ကွက်တစ်နေရာတွင်ကား ခံ့ထည်သော တိုက်ခံအိမ်ကလေးများသည် သူ့ခြံသူ့ဝင်းနှင့် ရပ်တည်လျက်ရှိလေသည်။ ခြံများကား သိပ်လည်း မကျယ်ဝန်းလှဘဲ ရာသီအလိုက် ဖူးပွင့်တတ်လေ

mgyoe.com

mgyoe.com

သော ပန်းမျိုးစုံစီစွာနှင့် သာသာယာယာရှိလေသည်။

ခြံတိုင်းလိုလိုပင် စိုက်ပျိုးထားလျက်ရှိသော ငုရွှေဝါတို့သည်လည်း စိန်ပန်း၊ ပျဉ်းမ၊ ပိတောက်ပင်တို့နှင့် အပြိုင်အဆိုင်ပင်လုံးကျွတ် ပွင့်ဖူးလို့ နေခဲ့သည်။

မေခင်သည် ပျင်းပျင်းရှိသည်နှင့် ခြံထဲသို့ထွက်၍ လမ်းလျှောက်နေသည်။

ခြံစည်းရိုးကာထားသော ကြခတ်ဝါးပင်တို့သည် လှဲ့လှဲ့စိမ်းကာ ကိုက်ညှိထားသဖြင့် တိတိညီနေ၏။ ခရမ်းရောင်ပွင့်ကြွေရာ ပျဉ်းမပင် အောက်သို့ ရောက်လျှင် မေခင်သည် သဘာဝအလှတွင် မေ့မူးနေခိုက် . . .

"ဒီမယ် ကလေးမ"

"အမယ်လေး"

မေခင်သည် ရုတ်တရက်မို့ တစ်ဖက်လူ၏အခေါ်တွင်လန့် ဖျပ်သွားမိလေသည်။

"ဩော် . . . လန့်သွားသလား"

တစ်ဖက်လူက ကြင်နာစွာ မေးလိုက်လေသည်။

"ဟုတ် . . . ဟုတ်ကဲ့"

မေခင်ကား အကြောက်မပြေနိုင်သေးဘဲ ရင်ထဲဖိုလှိုက်ကာ ဖြေလိုက်၏။ တစ်ဖက်ခြံမှ ကြခတ်ဝါးပင်များဘေးတွင်မားမားကြီးရပ်နေ သူကား ကတုံးဆံတောက်နှင့် အသားညိုစိမ့်စိမ့် အရပ်ပျပ်ပျပ် တည်ကြည်ခံ့ညား၍ ဣန္ဒြေကြီးသော မျက်နှာရှင် လူရွယ်တစ်ဦးပင်တည်း။

"ကိုယ် တောင်းပန်ပါတယ်နော်"

ညင်ညင်သာသာ စကားဆိုလိုက်သူကို မေခင်ကား မည်သို့ စကားပြန်ရမည် မသိပေ။ သူ၏မျက်လုံးများကား စူးရှတောက်ပြောင်ဘိသည်။ သူ၏ မေးရိုးများကား ခိုင်မာလှသည်။ ပေါ်လွင် ဖြောင့်စင်းသော နှာတံကား သူ၏ ဥပဓိရုပ်ကို ပို၍ ထင်ရှားစေသည်။ ကျယ်သော နဖူး၊ ကားသော နားရွက်များကား သူ၏ ထက်မြက်သောအသွင်ကို ပြသလျက် ရှိလေသည်။

ပိရိသေသပ်သော နှုတ်ခမ်းများမှာ သူ၏သန္နိဋ္ဌာန် ခိုင်မာသော စိတ်ကို ပြဟန်ရှိလေသည်။ အရပ်ပျပ်သော်လည်း ခိုင်ခံ့သော လည်တံမှာ ကြီးမား

mgyoe.com

mgyoe.com

သည့် လည်စလုတ်ကြီးများနှင့် ယောကျ်ားဆန်လွန်းဟန်လည်း ရှိလေသည်။

အထူးခြားဆုံးကား သူ၏ထူထဲသော ကျွဲကော်အနက်ကိုင်းတပ်မျက်မှန်အောက်မှ လူတစ်ဖက်သား၏ ရင်တွင်းသို့ ထိုးထွင်းကြည့်မိသကဲ့သို့ရှိသော မျက်လုံးများပင်တည်း။ ထူထဲသော မျက်ခုံးအောက်မှ မျက်လုံး၏ မျက်နက်အိမ်မှာ ကြီး၍ တောက်ပနေသည်။

"ကိုယ့်စာအုပ်ကြားထဲက စာရွက်ကလေး လွင့်သွားလို့ ကျေးဇူးပြုပြီး ကောက်ပေးပါလား ညီမလေး"

ကတ်ထူဖုံးနှင့် ပြာလဲ့လဲ့အရောင် အင်္ဂလိပ်ဘာသာအားဖြင့် ရေးသားထားသော စာအုပ်တစ်အုပ်ကို ထောင်ပြရင်း ပြောလိုက်လေသည်။

"ဟုတ်ကဲ့ . . .၊ ကောက်ပေးပါ့မယ်"

မေခင်သည် ပေါ့ပါးစွာပင် မြက်ခင်းပြင်တွင် တဖျတ်ဖျတ် လွင့်နေသော ဗလာစာရွက်ပိုင်းကလေးကို ကောက်ပေးလိုက်၏။ စာရွက်ပေါ်တွင် လက်ရေး ခပ်သော့သော့နှင့် ရေးသားထားသော မှတ်စုများကို တွေ့မြင်လိုက်ရလေသည်။

"ကျေးဇူးတင်ပါတယ်"

"ကိစ္စမရှိပါဘူး"

"ညီမလေးနာမည်က ဘယ်လိုခေါ်သလဲ"

"မေခင်"

"မေခင် . . . မေခင်၊ တယ်လှတဲ့ နာမည်လေးပါလား၊ အခေါ် ရလည်း လွယ်တယ်နော်"

မေခင်ကား ကြခတ်ဝါးပင်များကို ဆော့ကစားရင်း ခေါင်းတစ်ချက် ညိတ်ပြလေသည်။

"မေခင်တို့ ဒီပြောင်းလာတာ မကြာသေးဘူးနော်"

"ဟုတ်ကဲ့၊ ဆယ်ရက်လောက်ပဲ ရှိပါသေးတယ်"

"အိမ်သားနည်းပုံရတယ်"

"နည်းပါတယ်။ မေခင့် ဖေဖေရယ်၊ မေမေရယ်၊ မေခင်ရယ်၊ ထမင်းချက် ကိုဘရယ်ဒါပဲ"

mgyoe.com

mgyoe.com


"မေခင့်မှာ မောင်နှမသားချင်း မရှိဘူးလား"

"ဟင့်အင်း . . . မရှိပါဘူး၊ မေခင့်မေမေက မေခင် တစ်ယောက်တည်းပဲ မွေးပါတယ်"

"မပျင်းဘူးလား"

"ပျင်းဖို့အချိန် သိပ်မရှိပါဘူး။ အားနေရင် ဖေဖေ့အတွက် မာဖလာထိုးပေးရတယ်၊ အိမ်မှု သိမ်းရတယ်၊ စန္ဒရားတီးတဲ့အခါ တီးတယ်"

"ဩ . . . ခုနက စန္ဒရားတီးတာ မေခင်လား"

"ဟုတ်ကဲ့၊ မေခင်တီးနေတာ အဲ . . . အဲဒီက"

"ကိုယ့်နာမည် ငွေခိုင်"

"ကိုငွေခိုင် ကြားရသလား"

"ကြားရတယ်။ မေရှင်ဆိုတဲ့ ရွှေဝါဖူးသီချင်းမဟုတ်လား၊ မေခင်တီးနေတာလေ"

"ဟုတ်တယ်၊ ကိုငွေခိုင် သိသားပဲ"

"သိတာပေါ့၊ မေရှင်ဟာ ကိုယ့်ရဲ့ ဖေးဘရိတ်အဆိုတော်ပဲ၊ သူ့သီချင်းတွေ အားလုံး ကိုယ်ရတယ်'

"အို . . . ဟုတ်လား"

မေခင်က ပြုံးရယ်ကာ နဖူးကြောလေးများကို ရှုံ့လိုက်သည်။

အသက် ၁၆ နှစ်မျှသာရှိသေး၍ ငယ်ရွယ်နုနယ်သောမေခင်၏ မျက်နှာအလှကိုကိုငွေခိုင်က တမေ့တမော ငေးကြည့်နေမိသည်။ အဝါ ဖျော့ဖျော့မန္တလေးပိုး ရင်စေ့အင်္ကျီ၊ ပခုက္ကူပိုးထည် လုံချည်ကွက်စိပ် ခရမ်းရောင်နှင့် တောက်ပသော ညနေကို ဖက်ပြိုင်လျက် ရှိလေသည်။

အသားဝါဝါ အရပ်မြင့်သွယ်သွယ်၊ လုံးကျစ်သော ကိုယ်လုံး ကိုယ်ထည်၊ ဘဲဥပုံသဏ္ဍာန် မျက်နှာလေးတွင် နဖူးပြေပြေ၊ မျက်လုံး ဝန်းဝန်း၊ မထူမပါး မျက်ခုံး ကွေးကွေးလေးများ၊ နှာတံ မပေါ်တပေါ်၊ လုံးဝန်းသော နှုတ်ခမ်းများနှင့် မေခင်သည် ပါးလျှလျှ ယဉ်စစ ရုပ်သွင် ရှိလေသည်။

ဖွတ်မြီးထိုးကျစ်ထားသော ကျစ်ဆံမြီးဆံပင်မှာ တံကောက်ကွေး ထိမျှ ရှည်လျားလေသည်။ နဖူးတွင် မခို့တရို့လေးချထားသော ဆံယဉ်လေးများသည် ပျော့ပျောင်းနူးညံ့လှပေသည်။

mgyoe.com

mgyoe.com

ကိုငွေခိုင်၏ တမေ့တမောအငေးတွင် မေခင်က မျက်လွှာချကာ နေ၏။ ညနေဆည်းဆာက လှပသလောက် မေခင့်အလှကလည်း တောက်ပလွန်းလှချေသည်။ ကိုယ်ရောင်ထွက်သည်ဆိုသည်မှာ ဒါမျိုးလေလား။ ကိုငွေခိုင်အဖို့ မိန်းကလေး၏ အလှအပကို ယခုမှ နီးနီး ကပ်ကပ် မြင်ဖူးလေသည်။

တက္ကသိုလ်ဝန်းကျင်တွင် သူတွေ့မြင်ခဲ့ရသော အလှအပကား ဘီးဆံထုံးမြင့်မြင့်များနှင့် မာနကြီးသော မျက်နှာထားဟန်ပန်များသာတည်း။ ဤသို့ နုနယ်၍အပြစ်ကင်းစင်သော အကလေးပမာ၊ ကြောင်စီစီ ဖြူစင်သော မျက်နှာထားရှင်မျိုးကိုကား ယခု ၁၉ နှစ်သားအထိ မတွေ့ဖူးခဲ့ပေ။

"ဟော . . . မေခင့် မေမေ ခေါ်နေပြီ၊ မေခင်သွားဦးမယ်"

"သွားလေ၊ မေခင်ပျင်းရင် ကိုယ်တို့အိမ်ကို လာလည်နိုင်ပါတယ်။ ကိုယ်တို့အိမ်က မေခင့်အိမ်လိုတော့ မဟုတ်ဘူး၊ အိမ်သားများတယ်။ ကိုယ်တို့ ဖေဖေ မေမေ၊ ကိုယ့်ညီရွှေခိုင်ရယ်၊ ညီမအထွေးဆုံး စမ်းယဉ်ရယ်၊ ဒေါ်ဒွေးရယ်၊ ဒိပြင် ဦးလေးတွေရယ်၊ ကိုယ့် သူငယ်ချင်းတွေရယ် သိုက်သိုက်ဝန်းဝန်းပဲ၊ ဒါပေမဲ့ ကိုယ်ကတော့ အိမ်မမြဲတတ်ဘူး မေခင် . . ." ဟု ကိုငွေခိုင်က အားပါးတရ ပြောပြနေမိသည်။

"ဟုတ်ကဲ့ . . ."ဟု တစ်ခွန်းတည်းဆိုကာ မေခင်သည် သမင်မလေးကဲ့သို့ အိမ်ထဲ အပြေးအလွှား ဝင်သွားလေသည်။

ကိုငွေခိုင်သည် မေခင်၏နောက်ကျောကို ငေးစိုက်ကာ ကျန်ရစ်ခဲ့သည်။ ဟင်းခနဲသက်ပြင်းတစ်ချက်ချကာ လက်ကို နောက်ပစ်ရင်း ခြံထဲတွင် လမ်းလျှောက်နေမိသည်။

နေလုံးကြီးသည် တစ်စတစ်စ လောကကြီးမှ ပျောက်ကွယ်သွားလေ၏။ နေ၏အရောင်ကား ကျန်ရှိဆဲတွင် ကြယ်ပွင့်ကလေးများသည် ထွက်ပြူစ ပြူလာလေသည်။ ဆုတ်ခါစ လဝန်းသည်လည်း ရောင်ဝါပြိုးပြိုးနှင့် တိမ်အကြားတွင် နွဲ့၍နေသည်။

များမကြာမီ မေခင်၏ စန္ဒရားလက်သံကို ကြားနေရသည်။

မေခင်သည် 'ဖူးစာပိုင်' သီချင်းကိုတီးနေ၏။ ကိုငွေခိုင်ကား မေခင်၏ တေးသံကိုလိုက်၍ သီချင်းတီးတိုး ရွတ်ဆိုနေမိသည်။

mgyoe.com

"မြင်ရင်မြင်ခြင်းပင် . . . သင်းချစ်ရန့် ကြိုင်ကြိုင်၊ စွဲမိပေါ့ ပျို့အသည်းညှာဆိုင် . . . နှစ်ကံပြိုင် ဖူးစာပိုင်ထင်ရဲ့ . . . ခင်မင်တာ ကြင်နာတာ စေတနာပိုလို့မြိုင် . . ."

မေခင်၏ ဖြူဝင်းသွယ်လျသော လက်ကလေးများသည် စန္ဒရားခလုတ်ကို အသာတို့ကစားသွားလေ၏။ သူ၏ စိတ်တို့ကား အဝေးသို့ပျံ့လွင့်နေသည်။

ဤနေရာသို့ ပြောင်းလာရသည်မှာ လခလည်းနည်း သင့်တင့် လျောက်ပတ်လည်း ဖြစ်သောကြောင့် ပင်တည်း။ မေခင်တို့အိမ်မှာ တစ်ထပ်တိုက်ပုလေးမျှသာ။

တစ်ဖက်ခြံတွင် နှစ်ထပ်တိုက်ခံအိမ်ကြီးမှ လူများကို မေခင် စိတ်ဝင်စားမိသည်မှာ ရောက်စကတည်းကပင်တည်း။ တစ်ဖက်အိမ်မှ လူတွေမှာ သိုက်သိုက်ဝန်းဝန်းနှင့် ပျော်စရာချည်းပင်။ ပရိက္ခရာသက်န်းဆိုင်ရှင် ကုန်သည်ကြီး ဦးဘခိုင်–ဒေါ်ထားတို့မှ သားသုံးယောက်ဖြစ်သော ကိုစိန်ခိုင်၊ ကိုငွေခိုင်၊ ကိုရွှေခိုင်၊ သမီးထွေး မစန်းယဉ်တို့ ပေါက်ဖွားလေသည့်အပြင် ဆွေမျိုးဉာတိတို့ စုဝေးနေထိုင်သည်ကို အားကျစရာ တွေ့မြင်ရလေသည်။

သူတို့ထဲတွင် ကိုငွေခိုင်တစ်ယောက်ကို အိမ်တွင် တွေ့ရခဲ့သည်။ "ကိုယ်ကတော့ အိမ်မမြဲတတ်ဘူး မေခင်"ဟု ကိုငွေခိုင်၏စကားကို ပြန်လည်ကြားယောင်မိလေသည်။

"ကိုငွေခိုင်တစ်ယောက် အဘယ်ကြောင့် အိမ်တွင် မြဲမြဲမနေပါလိမ့် . . ." ဟု မေခင့်စိတ်ထဲတွင် စနောင့်စနင်းတွေးနေမိသည်။ "အသက်ကလေးငယ်ငယ်နဲ့ တော်တော်လည်တတ်တဲ့လူပဲ"ဟု တွေးကာ မေခင်သည် နှုတ်ခမ်းစူချင်လေသည်။

သို့ တွေးရင်း တောရင်းပင် မေခင်၏ လက်ကလေးများသည် အငြိမ်မနေနိုင်၊ အပြေးအလွှား ခပ်သွက်သွက်ကလေး ကစားနေသည်။

ဘယ်သူ ဘယ်ဝါ ဖျက်တောင်မယိုင် . . . ပျို့အသည်းစွဲ ဖူးစာပိုင် . . . ခေမာသောင်ကမ်းတိုင်၊ ကူးမယ့်ကူး နှစ်ဦးတူပြိုင် . . .

mgyoe.com

mgyoe.com

[ ၂ ]

ဇီဇဝါပန်းရနံ့တို့သည် စံပယ်ပွင့်များနှင့်အတူ မွှေးကြိုင်နေသည်။ လေသင့်ရာ ကြူကြူမွှေးသလောက် နွေနှောင်းဝသန်တွင် စိန်ပန်း နီနီတို့ သည် လေအဟုန့်မှာ ကြွေကျလျက် ပန်းမွေ့ရာ ခင်းကျင်းနေသည်။

"စာဗျို့ . . . စာ . . . စာ"

မေခင်သည် အိမ်ရှေ့သို့ အပြေးအလွှားထွက်ကာ သံတံခါးမှ ဝမ်းသာ အားရ စာကို လှမ်းယူလိုက်လေသည်။ မေခင်သည် မိတ်ဆွေ သူငယ်ချင်း များထံမှ စာကို မျှော်မြဲပင်တည်း။ သူ့တွင် တစ်နေ့ တစ်နေ့ ရှိရှိသမျှ မိတ်ဆွေများထံ စာရေးသည်နှင့် အချိန်ကုန်တော့သည်။

မေခင်သည် အချုပ်အလုပ်ဘက်တွင်လည်းနိုင်နင်းသည်။ ကလေးဂါဝန် ပုံဆန်းလေးများ၊ ယောကျ်ား ရှပ်အင်္ကျီများ ချုပ်နိုင်သည်အထိ လာဘ်မြင် လေသည်။

စန္ဒရားဘက်တွင်လည်း ဂီတဆရာမကပြားကြီးတစ်ဦးထံမှ 'ဒိုရေမီဖာ ဆိုဖာမိရေးဒိုး" ဟူသော သင်ရိုးဂီတ သင်ခန်းစာများကို သင်ယူပြီးသည့် နောက် မြန်မာ ကာလပေါ်တေးသီချင်းများကို စမ်း၍ တီးတတ်လာလေ သည်။

မေခင်၏ဘဝတွင် ဤအရာတွေနှင့် ပြီးနေတော့သည်။ သူငယ်ချင်း များထံမှ စာများ၊ ပြီးတော့ အချုပ်အလုပ်၊ စန္ဒရား၊ မေခင်၏ကမ္ဘာလေး သည် ကျဉ်းမြောင်းသော ကမ္ဘာလေးဖြစ်လေသည်။

သို့သော် မေခင်ပျော်ပါသည်။ အေးချမ်းသော သူ့ဘဝလေးကို ဘယ်

mgyoe.com

mgyoe.com

တော့မှ မမေ့နိုင်ပေ။ ညဘက်တွင် အိမ်တံခါးသော့ပိတ်၍ မြို့ထဲ ထွက်လည်လေ့ရှိသောအခါ၊ မေခင်၏ဘဝသည် သာယာစိုပြည်လျက် ရှိလေသည်။

မေခင်သည် ဝါကျင့်ကျင့်နှင့် အပေါ်စား စာအိတ်ကလေးကို ထောင်၍ ကြည့်လိုက်မိသည်။

"ဟင် . . . မေခင်ရဲ့စာလည်း မဟုတ်ဘူး"

မေခင်သည် စာအိတ်ကလေးပေါ်မှ နာမည်ကိုကြည့်ရင်း မျက်နှာလေး ရှုံ့သွားလေသည်။ "သခင်ငွေခိုင်" ဟူသော စာလုံးလေးများက မေခင်အား လှောင်ပြောင်နေ၏။

"သခင်ငွေခိုင် . . . သခင်ငွေခိုင် ဆိုပါလား၊ သူက သခင်ပဲ"

မေခင်က တီးတိုးရေရွတ်မိသည်။ စာအိတ်ထောင့်တွင် 'ထွန်းဦး' ဟသ်ာတဟု ပေးသူ၏ အမည်နေရပ်ကို ရေးထားသည်။ စာမှာ ဆိုင်ရာက ဖွင့်ဖတ်ထားဟန်တူသည်။ နဂိုနေ ချွတ်ယွင်းလျက် ကော်နှင့် ပြန်ကပ်ထားခြင်းဖြစ်သည်။

သည်တော့မှပင် မေခင် သတိရကာ ကိုငွေခိုင်၏စာပေးရန် ကိုငွေခိုင်တို့အိမ်ဘက်သို့ ကူးဖို့ စိတ်ကူးမိလေသည်။ ကိုငွေခိုင်တို့ အိမ်ဘက်သို့ သွားချင်နေသည်မှာ ကြာပေပြီ။ မေမေက မလွှတ်သဖြင့် မသွားခဲ့ရ။ ခုတော့ အကြောင်းကိစ္စ ပေါ်လာပေပြီ။ အိမ်တွင် ခိုင်းစရာ ကိုဘလည်း သူ့ဆွေမျိုးများရှိရာ 'ခရမ်း' သို့ ပြန်သွားလေ၏။

"အမိုးရေ . . .၊ စာမှားပေးသွားလို့ မေခင် ဟိုဘက်အိမ်ကို ကူးလိုက်ဦးမယ်နော်"

မေခင်သည် သူ့မေမေကို 'အမိုး' ဟု ခေါ်လေသည်။ 'အမိုး'က ကရင်အမျိုးသမီးတစ်ဦး ဖြစ်သည်။ 'အမိုး' တို့တစ်မျိုးလုံး ဗုဒ္ဓဘာသာဝင်များဖြစ်သော်လည်း 'အမိုး' ငယ်စဉ် အေဘီယံတွင် ကျောင်းအိပ် ကျောင်းစားအဖြစ်နှင့် နေကတည်းက ဘက်ပတစ်ခေါ် နှစ်ခြင်း ခရစ်ယာန်ဘာသာဝင်ဖြစ်လာ၏။

မေခင်တို့ဖေဖေနှင့် အကြောင်းပါသောအခါ ဗုဒ္ဓဘာသာ ဓမ္မသတ်အရ ရုံးတွင် လက်ထပ်ပြီး အမိုးမှာ ဗုဒ္ဓဘာသာဝင် ဖြစ်လာတော့သည်။ အမိုး

mgyoe.com

mgyoe.com

အဖို့ ဘာသာရေးကား အဓိကမဟုတ်။ စိတ်ထားဖြူစင်၍ စေတနာ သဒ္ဓါတရား ထက်သန်လျှင် ဘယ်ဘုရားကိုပဲ ကိုးကွယ် ကိုးကွယ် ဘဝကူးကောင်းသည်ဟု ဆို၏။

"ကမ္ဘာကြီးမှာ ဘုရားတစ်ဆူပဲ ပွင့်ပါတယ် ကိုအေးခင်ရယ် . . . ကောင်းတာလုပ်ရင် ကောင်းတဲ့ဆီ ရောက်မှာပဲ၊ မကောင်းတာလုပ်ရင် မကောင်းတဲ့ဆီ သွားရမှာပဲ ကျွန်မအဖို့တော့ ဘယ်ဘုရားပဲ ကိုးကွယ်၊ ကိုးကွယ် အတူတူပါပဲ . . ."ဟု အမိုးက ပြောလေ့ရှိလေသည်။ အမိုးသည် ဂရိ အဘိဓမ္မာဆရာကြီး ဖိုရိုအက်စတာ၏ သဘောတရားများကို မသိရှိသော်လည်း ဖိုရိုအက်စတာ ဟောပြောခဲ့သော စကားများကို ထပ်တူပြောလေ့ရှိသည်။

"နေ့ဘ် အမိုး . . .၊ ဟိုဘက်အိမ်ကို မေခင် သွားမယ်ဆိုတိုင်း အမိုးမှာ စဉ်းစားနေတာချည်းပဲ . . ."

မေခင်က နှုတ်ခမ်းစူကာ ပြောလေသည်။

"ဟိုဘက်အိမ်က လူတွေများလွန်းလို့ မေခင်ကို လွှတ်သင့် မလွှတ်သင့် အမိုး စဉ်းစားနေတာပါကွယ် . . ."

"ဘာဖြစ်လဲ အမိုး . . .၊ မေခင် ကလေးလေးမှ မဟုတ်တော့တာ"

"ကလေးမဟုတ်လို့ အမိုး မလွှတ်ချင်တာပေါ့၊ သမီးဟာ အပျိုလေး တစ်ယောက် ဖြစ်လာပြီ မဟုတ်လား . . ."

မေခင်က အမိုးအား စိုက်ကြည့်နေလိုက်သည်။ အမိုးသည် အသားဝါဝါ အရပ်ပျပ်ပျပ်နှင့် ပြားသောကိုယ်၊ ပြား၍ ဝိုင်းသောမျက်နှာရှိလေသည်။ အမိုး၏ ရုပ်ရည်မှာ ကရင်အမျိုးသမီးတို့တွင် တွေ့ရတတ်သော အသွင်အပြင်မျိုးပင်တည်း။

"အပျိုလေးကော ဘာဖြစ်သလဲ"

မေခင်က သူလိုရာကို ဇွတ်တိုး၍ ပြောလေသည်။

"အပျိုလေးတစ်ယောက်ဟာ ယောကျ်ားတွေ များများရှိတဲ့ နေရာကို မသွားရဘူး"

"သွားတော့ ဘာဖြစ်သလဲ၊ အမိုးက ခရစ်ယာန်ဖြစ်ခဲ့ပြီး သိပ်ရှေးဆန်တာပဲ၊ အမိုးတုန်းကတော့ သူနာပြုလုပ်ခဲ့ပြီးတော့"
mgyoe.com

mgyoe.com

"သူနာပြုက အမိုးရဲ့ လုပ်ငန်းသဘောပဲ ဟာ"

အမိုးသည် အိမ်ထောင်မကျခင် စစ်စတာနာ့(စ်) ဖြစ်ခဲ့ဖူးသည်။ နောက် ဦးအေးခင်နှင့် ယူအပြီးတွင် နှမြောစွာ မိမိအလုပ်ကို စွန့်လွှတ်လိုက်ရလေသည်။

"ခု မေခင် အလကားသွားမှာမှ မဟုတ်ဘဲ၊ မေခင်တို့အိမ်ကို သခင်ငွေခိုင်ဆိုပြီး စာလာလို့ စာသွားပေးရမှာ။ ဒီလိုဆို အမိုးသွားမလား"

မေခင်သည် အမိုးမျက်နှာအနီးသို့ စာကို ထိုးပြရင်း ခပ်ဆောင့်ဆောင့်ကလေး ပြောလိုက်လေသည်။

"ဟင့်အင်း၊ အမိုးမသွားချင်ပါဘူး"

အမိုးသည် ရိုးသားစွာပင် ဖြေလိုက်သည်။

"အမိုးလည်း မသွားချင် မေခင်ကိုလည်း မလွှတ်ချင်နဲ့ ဒီစာကို လွှင့်သာပစ်လိုက် ပြီးရော"

သည်တော့ အမိုးသည် ပျာပျာသလဲ ဖြစ်လာလေသည်။ အမိုးကား အလွန်ရိုးသားသူပေတည်း။ လင်ယောကျ်ား ရှေ့မှောက်တွင်ရော မေခင့်ရှေ့မှောက်တွင်ပါ မျက်စိလေး ပုတ်ခတ် ပုတ်ခတ်နှင့် ယုန်သူငယ်ပမာ ရှိတတ်လေသည်။

ယောကျ်ားနှင့်သမီးပြောသရွေ့ မျက်စိမှိတ် ယုံကြည်တတ်သူလည်း ဖြစ်ပေသည်။ တစ်ခါတစ်ရံ ဒေါသထွက်လာလျှင်မူ ဝေးဝေးကသာ ရှောင်ပြေးပေရော့။ မျက်နှာကြီး နီကာလူတွေကို အစိမ်းလိုက်ဝါးစား မတတ်ရှိ၏။ "ကရင် ဒေါသဟေ့. . ."ဟု ဖေဖေက အမိုး စိတ်ပြေလေအောင် လှောင်ပြောင်ရယ်မောတတ်လေသည်။

"အို . . . သူများစာကို လွှင့်မပစ်ပါနဲ့။ မေခင် သွားပေးချေ၊ ဒါပေမဲ့ သိပ်မကြာစေနဲ့နော် . . . မေခင့်ကို အမိုး စိတ်မချဘူး။ ခဏ ထိုင်ပါဦးလို့ ပြောရင် အဘွားကြီးရှိမှ ထိုင်၊ မရှိရင် မြန်မြန်သာပြန်ခဲ့၊ ထိုင်မနေနဲ့ ကြားလား"

အမိုးက ကရားရေလွှတ် တတွတ်တွတ်နှင့် မှာကြားနေလေသည်။

"ဟုတ်ကဲ့ပါ။ အမိုးကလဲ သိပ်စိတ်ပူတတ်တာပဲ'

မေခင်သည် မှန်ရှေ့ပြေးသွား၍ ခေါင်းကို ဘီးနှင့် တစ်ချက် နှစ်ချက်

mgyoe.com

mgyoe.com

သပ်လိုက်ပြီး နောက်ကျောမှ အင်္ကျီစကို ဆွဲဆန့်ကာ ပြေးခုန် ကစားတတ်သော ကြောင်မလေးပမာ အိမ်အပြင်သို့ ထွက်လာလေ၏။

အိမ်အပြင်သို့ရောက်လျှင် မိုးပွင့် တစ်ပေါက် နှစ်ပေါက် ဖွဲခနဲ ကျလာသည်ကို ဂရုမပြုနိုင်ဘဲ တစ်ဖက်ခြံသို့ လျှင်မြန်သော ခြေလှမ်းနှင့် ကူးသွားလေသည်။

× × ×

ခြံထောင့်တွင် နုစို၍ စိမ်းလန်းသော ဝါးရုံပင်ကြီးများသည် မိုး ထိလုနီးပါး မြင့်မားစွာ ရှိလေသည်။ ဝါးရွက်စိမ်းဖန့်ဖန့်တို့သည် မိုး အပြာနောက်ခံ၍ ခြံအဝင်ဝ ကုန်းတံတားလေးကို သစ်သားကပ် ခုံးခုံးလေး မိုးလျက် လိမ္မော်ရောင်နှင့် မရန်းရောင် စက္ကူပန်းပွင့်များ တစ်နွယ်လုံး ပွင့်နေသည်။

တိုက်ပန်းတို့သည် ခြံစည်းရိုးပတ်ပတ်လည် နွယ်ကာ မြက်ခင်း လွင်ပြင် စိမ်းလဲ့လဲ့ပေါ်တွင် ခရမ်းရောင်ပျဉ်းမပွင့်များ ကြွေကာ ကော်ဇောပမာ တန်ဆာဆင်လျက် ရှိလေသည်။

လက်ရာသေသပ်သော ပန်းချီဆရာတစ်ဦး၏ ရောင်စုံပန်းချီကားချပ် တစ်ချပ်နှင့်တူအောင် သဘာဝ၏အလှက ဖန်တီး၍ထားလေသည်။

အိမ်တံခါးဝမှ လူခေါ်ဘဲ(လ်)ကို နှိပ်လိုက်လျှင် မိန်းမဝဝကြီးတစ်ဦး ထွက်လာသည်။ သူ၏ အတော်ဝသော ခန္ဓာကိုယ်ကြီးကို မနည်း သယ်ယူကာ စိတ်က အမြန်သွားချင်ဇောနှင့် ခေါင်းရှေ့တိုးပြီး တင်ပါးကြီးများက နောက်တွင် ကျန်ရစ်ခဲ့သည်။

"အလို . . . ဟိုဘက်အိမ်က ကလေးမလေးပါလား၊ လာ . . . လာ . . . အထဲဝင်ပါ"

ထိုမိန်းမဝဝကြီးသည် ကပျာကယာ သော့ဖွင့်ပေးကာ သူ၏ အိစက်သော ကိုယ်ကြီးကို ရွေ့လျား၍ သော့ကို တိုင်တွင်ပြန်ချိတ်လိုက် လေသည်။ သူ၏ တင်ပါးဆုံကြီးများသည် တစ်ဖက်မြင့်တုံ နိမ့်တုံနှင့် မေခင်သည် ကလေးများ သီဆိုသော တေးသီချင်းကို သတိရ၍ ပြုံးမိလေသည်။ "မဘုတ်ဆုံ တင်ဆုံကြီး လှည်းလုပ်လို့စီး . . ." ဟူ၏။

mgyoe.com

"လာလေ ကလေးမ ထိုင်ပါအေ့၊ ညည်းကို တို့များက ချစ်လွန်းလို့ အသိဖြစ်ချင်နေတာ"ဟု မိန်းမကြီးက ဖော်ရွေစွာ ဖိတ်ခေါ်လေသည်။

မေခင်သည် အခန်းပတ်ပတ်လည် ငေးမောကြည့်ရှုလျက် မရွံ့ တရွံ့ ခြေလှမ်းနှင့် ဧည့်ခန်း ကုလားထိုင်တွင် အသာထိုင်လိုက်လေသည်။ မေခင်၏ ရင်ထဲတွင် တဒိတ်ဒိတ်ခုန်နေသည်။ တစ်ခါမှ မရောက်ဖူးသော နေရာသို့ လာရသဖြင့် စိတ်ထဲတွင် လှုပ်ရှားနေမိသည်။

"ရဲရဲထိုင်ပါအေ့၊ ဒေါ်ဒွေးတို့က ခင်မင်တတ်ပါတယ်။ ညည်း နာမည်က ဘယ်သူတဲ့"

"မေခင်ပါ"

"အေး . . . အေး . . . မေခင်၊ ဟုတ်ပါရဲ့ မောင်ငွေခိုင် ပြောဖူးပါတယ်"

"ဒီကနာမည်က ဒေါ်ဒွေးတဲ့၊ မှတ်ထားပေါ့။ မောင်ငွေခိုင်တို့ အဒေါ်တော်တယ်၊ ဦးဘခိုင်ရဲ့ နှမဝမ်းကွဲလေ"

"သြော် . . . ဒေါ်ဒေါ်က ကိုငွေခိုင့် အဒေါ်ကိုး၊ ဒေါ်ဒေါ် ဈေးသွားသွားနေတာ တွေ့ပါတယ်"

"ဒေါ်ဒွေးပဲခေါ်ပါ မိန်းကလေးရယ်၊ ဒေါ်ဒေါ်ခေါ်တာ အသက်ကြီးလာသလိုပဲ။ ဒေါ်ဒွေး အသက် ၄၀ ပေမဲ့ ကိုယ့်ကိုယ်ကိုယ် ၂၀ လောက် မှတ်နေတာ၊ သူများ အသက်မေးရင် အသက် ၂၀ နဲ့ လ ၂၄၀ လို့ ဖြေရတယ်။ ဟဲ . . . ဟဲ . . . ဟဲ . . ."

ဒေါ်ဒွေးက ဟာသနှောကာ မျက်ပေါက် မရှိအောင် ရယ်မောနေ သည်။ မေခင်မှာ နဂိုကရယ်ချင်ချင်မို့ ဆည်းလည်းသံ လွင်လွင်နှင့် ရယ်မိလေသည်။ ခေါင်းသေးသေး၊ ခန္ဓာကိုယ်ကြီးကြီးတွင် ပန်းထိုးထားသော ရင်စေ့ အင်္ကျီဝတ်ကာ သနပ်ခါး ပါးကွက်ကွက်၍ ခေါင်းတွင် စံပယ်ပန်း ဝေဝေနှင့် ဒေါ်ဒွေးမှာ နုပျိုလှပချင်ကြောင်း သိနိုင်ပေသည်။

ဒေါ်ဒွေးနှင့် စကားပြောရသည်မှာ ပျော်သလိုလိုပင်။

"ဒေါ်ဒေါ်၊ အဲလေ . . . ဒေါ်ဒွေးက နုသားပဲ၊ မေခင့်စိတ်ထဲ ၃၀ ကျော်လောက် ထင်နေတာ"

"ဟုတ်လား၊ ညီမလေး ဘာစားမလဲ"

mgyoe.com

mgyoe.com

မေခင်က ရယ်၍သာနေသည်။

"ဒါထက် မေခင်လာတဲ့အကြောင်း ပြောရဦးမယ်"

"ဆို . . . ဘာကိစ္စ"

"ဒီအိမ်က ကိုငွေခိုင်ရဲ့စာ မေခင်တို့အိမ် မှားပေးသွားလို့"

မေခင်က တည်ကြည်စွာ ပြောရင်း စာကို ဒေါ်ဒွေးလက်ထဲ ထည့်လိုက်လေသည်။ ဒေါ်ဒွေးသည် စာကိုလှမ်းယူကာ စာအိတ်ကိုကြည့်ရင်း နှာခေါင်းတစ်ချက် ရှုံ့လိုက်လေသည်။

"သခင်ငွေခိုင် . . .၊ ဒီကောင်လေးဟာ သခင်ပေါက်စ ထောင်ခြောက်လ ပဲ၊ သိပ်ဆိုးတာ"

"ဘာဖြစ်လို့လဲ"

"မိဘစကားကို ဘယ်တော့မှ နားမထောင်လို့ပေါ့ . . .၊ အစ်ကိုကြီးကဆိုရင် သူ့ကို နည်းနည်းမှ မျက်နှာကြောတည့်တာ မဟုတ်ဘူး"

"ဘယ်လိုကြောင့်ပါလဲ ဒေါ်ဒွေးရယ်"

မေခင်ကား လက်ကိုင်ပဝါလေးကို လက်နှင့်ကစားရင်း မေးလိုက်သည်။

"မောင်ငွေခိုင်ဟာ ပညာသိပ်တော်တာ မေခင်ရဲ့၊ သူ ၁၀ တန်းအောင်တော့ ၁၅ နှစ်ပဲ ရှိသေးတယ်။ ကောလိပ်ပို့တော့ အသက်လိမ်ပြီး စာရင်းသွင်းရတာ၊ ဒီနှစ် ဒီဂရီရတယ်လေ။ သူ့အဖေနဲ့အမေ ဖြစ်စေချင်တာက အိုင်စီအက်စာမေးပွဲဖြေ၊ ဒါမှမဟုတ် မြို့အုပ်စာမေးပွဲတွေ ဘာတွေဝင်စေချင်တာ၊ ခုတော့ သူလုပ်တာက နိုင်ငံရေးတဲ့"

"ဘာလို့ သူ ဒီလိုလုပ်ပါလိမ့်"

"တိုင်းပြည်က အရေးကြီးလို့တဲ့ကွယ်"

"အရေးကြီးလို့ . . ."

"သူ့မယ် အမြဲ အရေးကြီးနေတာပဲကွယ်။ သူ့သူငယ်ချင်းတွေ တရုန်းရုန်းနဲ့ အိမ်မယ် စားလိုက်၊ သောက်လိုက်နဲ့။ မထားကလည်း မိခင်ဆိုတော့ သိပ်အလိုလိုက်တယ်။ မိဘက သူ့ကိုထားတာ ရွှေပေါ် မြတင်၊ သူနေတော့ တေလေကြမ်းပိုးလိုပဲ၊ ည အိမ်ပြန်တစ်ချက် မပြန်တစ်ချက်နဲ့။ ဟိုတစ်နှစ်ကဆိုရင် ဗိုလ်အောင်ကျော်ဆုံးတုန်းကပေါ့၊ ခေါင်းမှာ ပုလိပ်

mgyoe.com

mgyoe.com

ရိုက်တဲ့ဒဏ်ရာ ရလာတယ်"

"ဟင် . . . ဟုတ်လား"

မေခင်ကား အကြားအမြင် ဝေးသူပီပီ ကိုငွေခိုင်အား အံ့ဩနေမိ သည်။

"သူ ကောလိပ်ရောက်တဲ့နှစ်ပေါ့၊ အိမ်သားတွေဖြင့် သူ့အတွက် စိတ်ပူလိုက်ရတာ။ ပြီးတော့ ရှိသေးတယ်၊ ညည အပြင်ထွက်ပြီး အပြန်ကျ ဘတ်စ်တို့ ဓာတ်ရထားတို့ မရလို့ဆိုပြီး မြို့ထဲက ဒီကို လေးမိုင်လောက် ရှိတဲ့ခရီးကို ခြေလျင်လျှောက်လာရသတဲ့ကွယ်"

"မြို့ထဲက ဒီကို ခြေလျင်လျှောက်နိုင်သတဲ့လား၊ အဝေးကြီးပဲနော်"

"လူသေးသလောက် စိတ်အလွန်သန်မြန်တဲ့လူပါပဲ မေခင်ရယ်၊ ခေါင်းလည်း သိပ်မာတယ်။ သူ့အစ်ကိုကြီး စိန်ခိုင်ကျတော့ မိဘ မျိုးရိုးအလိုက် ကုန်သည်လုပ်ပြီး မိဘပေးစားတဲ့ မိန်းမယူတယ်၊ အေးအေး ဆေးဆေးပဲ၊ ရွှေခိုင်လည်းရိုးရိုးကုပ်ကုပ်ပဲ ခမျာမယ် တိုက်ဖွိုက်ရောဂါဖြစ်ပြီး ဦးနှောက် သိပ်မကောင်းလို့ ၁၀ တန်းကို ဘီကလပ်နဲ့ပဲ အောင်တာနဲ့ ကျောင်းထွက် လိုက်ရတယ်"

ဒေါ်ဒွေးကား စိတ်ရှည်လက်ရှည်နှင့် သူတို့အိမ်ထောင်စုအကြောင်း ပြောပြနေသည်။ မေခင်ကလည်း စိတ်ပါဝင်စားစွာနှင့် နားထောင်နေ သည်။

မေခင်သည် 'အမိုး'မှာလိုက်သည်ကို သတိရ၍ လက်ကလေးကို ကိုင်မြှောက်ပြီး အမှတ်မထင်နာရီကို ကြည့်လိုက်လေသည်။

"ပြန်ချင်ပြီလား။ နေပါဦး မိန်းကလေးရဲ့၊ ဒေါ်ဒွေး ကော်ဖီသွားဖျော် ပါရစေဦး"

"နေပါစေ ဒေါ်ဒွေးရဲ့၊ မေခင် အိမ်က ထမင်းစားခဲ့လို့ ဗိုက်ပြည့်နေ ပါပြီ"

"ဒါဖြင့် သံပရာရည်လေးဖြစ်ဖြစ်သောက်သွား"

"ဟင့်အင်း . . . ဟင့်အင်း . . . နေပါစေ၊ ဘာမှမသောက်ချင်ဘူး"

မေခင်သည် ထိုင်ရာမှ ထလေသည်။

"ဒါနဲ့နေရာကထပြီ၊ နေပါဦး မိန်းကလေးရဲ့"

"အမိုးက မြန်မြန်ပြန်ခဲ့လို့ မှာလိုက်လို့ပါ"

mgyoe.com

"အမိုးဆိုတာ မေခင်ရဲ့ မေမေလား"

"ဟုတ်ပါတယ်၊ ကရင်အမျိုးသမီးမို့လို့ ကရင်လိုခေါ်တာပါ"

"ဪ . . . ဪ"

"ခု ဒေါ်ဒွေးတို့အိမ်မှာ ဘယ်သူမှမရှိဘူးလား"

"အစ်ကိုကြီးနဲ့ မထားတို့က ဆိုင်ကိုသွားကြတယ်။ မောင်ရွှေခိုင်က မြို့ထဲကို သွားတယ်၊ မစန်းယဉ်လေးက အိပ်နေတယ်၊ မောင်ငွေခိုင် က တော့ ထုံးစံအတိုင်း အိမ်မကပ်ဘူးလေ"

ဒေါ်ဒွေးက မျက်နှာမဲ့ကာ ပြောလိုက်လေသည်။ မေခင်သည် စားပွဲပေါ်မှ စာအုပ်တစ်အုပ်ကို ကောက်ကိုင်ကြည့်နေသည်။ စာအုပ် ပြာလဲ့လဲ့လေးဖြစ်သည်။ အင်္ဂလိပ်ဘာသာအားဖြင့် ကား(လ်)မတ်၏ 'အရင်း' ကျမ်းစာအုပ်ပင်တည်း။

အိမ်၏ အခမ်းအနား အပြင်အဆင်မှာ မြန်မာဆန်ဆန်ပင်။ အပေအတောခံသော စိမ်းမှောင်မှောင်ခန်းဆီးများ၊ ပြွတ်သိပ်နေသော မှန်ပေါင်သွင်း ဓာတ်ပုံများ၊ ကွမ်းအစ်၊ ထွေးခံကြီးများကိုတွေ့ရသည်။

အိမ်ခန်းတစ်လှည့်၊ စာအုပ်တစ်လှည့် ငေးကြည့်ရင်း မေခင်သည် စာအုပ်ထဲမှ ထွက်ကျလာသော စာရွက်တစ်ရွက်ကို အမှတ်မထင် ကောက်ယူကြည့်မိလေသည်။ သေးသွယ်သော လက်ရေးသော့သော့ကို တွေ့မြင်ရလေသည်။

"လူသားတို့ . . . သင်တို့နှင့်အတူ အကျွန်ုပ်သွားပါအံ့၊ သင်တို့၏ ရှေ့ဆောင်အဖြစ် သင်တို့ အလွန်လိုအပ်သောအခါ သင်တို့ဘေးတွင် ရပ်၍ စောင့်ရှောက်နေပါအံ့"

တစ်ဖန် အင်္ဂလိပ်ဘာသာအားဖြင့် တွေ့ရသော စာစုများကား ဤသို့တည်း . . .

Everyman, I will go with thee, and be the guide, in thy most need by thy side.

မေခင်သည် အဓိပ္ပာယ်ပေါက်စေရန် အခါခါ ဖတ်မိလေတော့သည်။

mgyoe.com

mgyoe.com

[ ၃ ]

အနောက် ဥရောပတိုက်တွင် ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားလျက်ရှိရာ ကမ္ဘာသူ၊ ကမ္ဘာသားတို့သည် လှုပ်လှုပ်ရှရှ ဖြစ်နေကြသော်လည်း သဘာဝ ကတော့ အေးချမ်းသာယာမြဲပင်တည်း။ ငွေလသည် ဝင်းပပနှင့် သာမြဲ သာလျက် လောကဓာတ် အလုံးကို ငွေရည်ပက်ဖျန်းနေသည်။

ကျူဝါးရုံသို့ လေတိုးသံသည် မေတ္တာတေးသံကို ကျူးရင့်လေသလော။ သို့နှင့် လူတို့သည် အဘယ့်ကြောင့် အချင်းချင်း သတ်ဖြတ်နေရသနည်း။

ဗုဒ္ဓမြတ်ဘုရားရှင်သည် ဗြဟ္မစိုရ် မေတ္တာတရားကို ဟောကြားဘိသကဲ့ သို့ ယေရှုခရစ်သည်လည်း လူလူချင်း မေတ္တာထားရန် ညွှန်ကြားခဲ့လေ သည်။

မေခင့်အိမ်မှာတော့ ကြေးစည်သံ လွင်လွင်ချိုဘိသကဲ့သို့ စန္ဒရားတေးသံ ကလည်း ဝေဝေဆာမြဲပင်။

မေခင်သည် စန္ဒရားပေါ်တွင် တင်ထားသော စာကလေးတစ်စောင်ကို ဆွဲယူဖတ်နေမိသည်။ သည်စာကို မေခင်ဖတ်သည်မှာ ၆ ကြိမ်ထက် မနည်း ပေပြီ။

mgyoe.com

မေခင် . . .

နေ့လယ်က မေခင်လာပေးတဲ့စာကိုရလို့ ကျေးဇူးတင်ကြောင်း ပြောပါရစေ။

မနက်ဖြန် ဒီစာအရ ကိုယ်ဟသ်ာတသွားရမယ်၊ အရေးပေါ်ကိစ္စပဲ ဆိုပါတော့။ ဒီကိစ္စဟာ ကိုယ့်အရေးလည်း မဟုတ်ဘူး၊ ကိုယ့်အိမ်ထောင်စု အရေးလည်း မဟုတ်ဘူး၊ တစ်တိုင်းလုံး တစ်ပြည်လုံးရဲ့ အရေး၊ လူများစုရဲ့ အရေးပါပဲ မေခင်။ ဟသ်ာတမှာ ဘယ်နှစ်ရက် ကြာမယ်ဆိုတာ မခန့်မှန်းနိုင်ဘူး၊ ခက်တာက ကိုယ့်အနေနဲ့ ဘာကိုမှ ကြိုတင်မှန်းဆနိုင်စွမ်းမရှိဘူး။

ကိုယ့်ကိုယ်ကိုယ်လည်း ကိုယ်မပိုင်ဘူး၊ ကိုယ့်အသက်နဲ့ ခန္ဓာကိုယ်ကို တိုင်းပြည်လက်ထဲ အပ်ထားလေတော့ တိုင်းပြည်ရဲ့ ကံကြမ္မာဟာ ကိုယ့်ရဲ့ကံကြမ္မာပဲ၊ တိုင်းပြည်ရဲ့ အရေးဟာ ကိုယ့်အရေးပဲ မေခင်ရေ . . .

ခဏမျှတွေ့ရုံနှင့် ခင်မင်မိတဲ့
ချစ်မိတ်ဆွေ
ငွေခိုင်

မေခင်သည် စာကို ညင်သာစွာ ပြန်ခေါက်ပြီး စန္ဒရားပေါ် ပြန်တင်လိုက်သည်။

မေခင်မှာ ကိုငွေခိုင်၏ ဖျတ်လတ်သော လှုပ်ရှားမှုများကို တွေးနေမိသည်။ ကိုငွေခိုင်ကား သူ့ညီကိုရွှေခိုင်နှင့်လည်း မတူ၊ အစ်ကို ကိုစိန်ခိုင်နှင့်လည်းမတူ။ အစ်ကို ကိုစိန်ခိုင်က သူ့အဖေ ဦးဘခိုင်လို ဖြူဖြူဝဝ ဖြစ်သည်။ အေးဆေးသည်။ တစ်ကိုယ်ကောင်းဆန်ပုံရသည်။

ညီကိုရွှေခိုင်ကတော့ ကိုငွေခိုင့်လို ရုပ်ရည်မျိုး၊ ညိုညို အရပ် ပျပ်ပျပ်၊ မျက်မှန်တပ်မထားသည်ကလွဲလို့ ကိုငွေခိုင်နှင့် ရေးရေးဆင်သည်။ ကိုငွေခိုင်ထက် ပိုပိန်သည်။ သူလည်း အနေအေးသည်။ အစဉ်အမြဲ ပြုံးချိုနေတတ်သည်။ ကိုငွေခိုင်လိုမျက်မှောင်ကြုတ်၍ မနေတတ်။

သူတို့နှမအထွေးဆုံး မစန်းယဉ်ကတော့ ကြားထဲတွင် မွေးသော

mgyoe.com

mgyoe.com


ကလေးတွေ ဆုံးတာကတစ်ကြောင်း၊ ပျက်တာက တစ်ကြောင်းတို့ကြောင့် ၇ နှစ်မျှသာရှိသေးသည်။ အသားဖြူ၍ မိန်းမချောလေးဖြစ်သည်။

သူတို့အိမ်ထောင်စုတွင် အလှုပ်ရှားဆုံးသောသူကား ကိုငွေခိုင်ပင်တည်း။ ကိုငွေခိုင်ကား ဒေါ်ဒွေးပြောသကဲ့သို့ ခေါင်းမာပုံရလေသည်။ သူလုပ်ချင်သည့်အရာကို စွတ်လုပ်တတ်သည်။ နောက်ပိုင်းကို တယ်လှည့်ကြည့်တတ်ပုံမရ။

ကိုငွေခိုင်၏မိခင် ဒေါ်ထားမှာ အမြဲပင် မျက်ရည်နှင့်မျက်ခွက် ဖြစ်သည်။ ဒေါ်ထားသည် ကိုငွေခိုင်ကဲ့သို့ပင် အသားညိုညို သေးသေး ပျပ်ပျပ်၊ ဝိုင်းစက်လှပသော မျက်လုံး၊ ပေါ်လွင်သော နှာတံနှင့် အသား ညိုချောပင်တည်း။ ပဒုမ္မာအင်္ကျီ ဒိုဘီချနှင့် ရွှေတောင်ပိုးလုံချည်အကွက်များကို အမြဲဝတ်ဆင်တတ်သည်။ မြင့်မားသော ဘီးဆံထုံးတွင် စိန်ဆံထိုး ထိုးလျက် ပါး၍ကားသော စိန်နားကပ်ကြီးများမှာ တဖျပ်ဖျပ်တောက်ပနေ၏။

ပြောင်းဖူးဖက်လိပ်ကို ရှိုက်ဖွာတတ်ကာ သူ၏ မာနကြီးဟန် မျက်နှာထားကား ကိုငွေခိုင်တို့ ညီအစ်ကိုသုံးယောက်နှင့်လည်း မတူ၊ ဦးဘခိုင်နှင့်လည်းမတူဘဲ တစ်မူထူးခြားလျက်ရှိသည်။

ဦးဘခိုင်ကား ဖြူဖြူဝဝ ထောင်ထောင်မောင်းမောင်း၊ ကိုငွေခိုင်နှင့် သားအဖဆိုလျှင် ယုံနိုင်စရာမရှိပေ။ စိတ်သဘောထားချင်းလည်း ဘယ်တော့မှ မတိုက်ဆိုင်ခဲ့ပေ။ တစ်ယောက်က ဖြူလျှင် တစ်ယောက်က မည်းမြဲသာတည်း။ သို့သော် ပညာတတ်သားတစ်ဦးဖြစ်၍ ချစ်လည်းချစ်ခင်၊ လေးလည်းလေးစားပုံရလေသည်။

မေခင်သည် အားတိုင်းပင် ကိုငွေခိုင်နှင့်အတူ သူတို့၏အိမ်ထောင်စုကို တွေးနေမိသည်။ မိမိအိမ်တွင် မိမိနှင့်တူသော အမြဲဆေးတံခဲ၍ ခြံထဲတွင် နိုက်နေတတ်သည့် ဖခင်နှင့်၊ ရာသီ ပူပူအေးအေး လျှော်စောင်ခြုံကာ မျက်မှန်ကို နှာခေါင်းလယ်တွင်တပ်၍ နှစ်ချောင်းထိုးထိုးနေတတ်သော 'အမိုး' တို့က လွဲ၍ စဉ်းစားစရာ မရှိပေပြီ။

× × ×

mgyoe.com

mgyoe.com

ကိုငွေခိုင် ဟင်္သာတမှ ပြန်လာသောနေ့ကား မိုးတွေ သဲသဲမဲမဲ သွန်းချ ရွာဖြိုးသောနေ့ပင်တည်း။

ဝါဆို ဝါခေါင် ရေဖောင်ဖောင်တည်း။ လျှပ်ပန်းတို့သည် ကြောက်မက်ဖွယ်ရာ ပြိုးပြက်နေသည်။ မိုးတိမ်တို့သည် ငိုချင်လှသူတို့၏ မျက်နှာထားပမာ ညှိုး၍နေသည်။ လေမုန်တိုင်းသည် တရကြမ်း တိုက်ခတ်လာသဖြင့် သစ်ပင်တို့သည် တရှဲရှဲအော်မြည်နေသည်။

ညနေ နေဝင်ရီသရောတွင် မေခင်တို့၏အိမ်ရှေ့တွင် လူခေါ်ခေါင်းလောင်းတီးလာသည်။ မေခင်သည် အိမ်နောက်ဖေးတွင် ပန်းကန်ပြားဆေးနေရာမှ အပြေးအလွှား ထွက်လာလေသည်။

အိမ်ရှေ့တံခါးဝတွင် ကိုငွေခိုင်သည် မိုးရေတွေ ရွှဲရွှဲစို၍ ခိုက်ခိုက်တုန်ကာ ရပ်နေသည်။

"ဟင် . . . ကိုငွေခိုင်'

"သင်္ဘောပေါ် အဆင်းကတည်းက မိုးတွေ ရွာချလိုက်တာ၊ ကိုယ်အိမ်တောင်မရောက်သေးဘူး"

မေခင်သည် သံတံခါးကို ကပျာကယာ ဖွင့်ပေးလိုက်၏။

"နေ . . . နေ . . . မဖွင့်နဲ့တော့၊ မိုးတွေစိုလို့။ ကိုယ် ပုစွန်ချဉ်လာပေးတာ၊ ဟင်္သာတကအပြန် လက်ဆောင်ပေါ့" ဟု ဆက်၍ပြောလိုက်၏။

"ဩော် . . . တကူးတက ယူလာတာကိုး၊ ကျေးဇူးတင်ပါတယ်ရှင်"

မေခင်သည် ပုစွန်ချဉ်ထုပ်များလှမ်းယူကာ ဝမ်းသာအားရနှင့် ကျေးဇူးစကား ဆိုလေသည်။ ရုပ်အင်္ကျီလက်တို အဖြူ၊ ချည်လုံချည် အဖြူခံတွင် အစိမ်းရောင် မန်းကျည်းစေ့ကွက်စိပ်၊ အိမ်တော်ရာဖိနပ်နှင့် ဘုန်းကြီးကျောင်းသားလေးပမာ ဝတ်ထားသော ကိုငွေခိုင်အား ငေးကြည့်နေမိသည်။

ထိုခေတ် ထိုအခါက ကိုငွေခိုင်တို့အရွယ်မှ အသက်ကြီးပိုင်းအထိ ယောကျ်ားများသည် ပိုးဗန်ကောက် ပုဆိုးများ ဒုံးဝတ်လေ့ရှိကာ အယ်လပါကားအနက် တိုက်ပုံအင်္ကျီ၊ သို့မဟုတ် ဟာဗနာခေါ် ပိုးတိုက်ပုံအင်္ကျီစသည်တို့ကို ဝတ်ဆင်သောအလေ့အထ ရှိခဲ့လေသည်။ အပြင်ထွက်သည်

mgyoe.com

mgyoe.com

နှင့် တိုက်ပုံအင်္ကျီပါမြဲပင်တည်း။

ယခုမူ ကိုငွေခိုင်သည် ဘုရားစူးစေ့ တက္ကသိုလ်ကျောင်းထွက် ဖြစ်နေသည်။ သူ့ကိုမြင်ရသောသူအား ကိုငွေခိုင်မှာ တက္ကသိုလ်ကျောင်းမှ ဒီဂရီရခဲ့သူပါဟု ဘုရားစူး ကျမ်းကျိန်ပြောလည်း အယုံခံရမည်မဟုတ်သော လူစားမျိုးဖြစ်သည်။

မေခင်တွေ့ဖူးသော တစ်ပါးသောလူပျိုလူရွယ်လေးနှင့် မတူသည်မှာတော့ အမှန်ပင်တည်း။

"ကျေးဇူးတင်စကား ပြောမနေပါနဲ့၊ ဒါလေးက မဖြစ်လောက်ပါဘူး။ မေခင် ပုစွန်ချဉ်တော့ စားတယ်နော်"

"ဟာ . . . မစားပါဘူး၊ အထုပ်လိုက်မျိုမှာ"

မေခင်သည် သူ့ဘာသာသူ သဘောကျကာ ရယ်မောနေသည်။ ကိုငွေခိုင်သည် လိုက်၍ ရယ်မောနေရသည်။ ရယ်လိုက်သောအခါ အပြုံးပန်းပွင့်၍ ပိုကြည့်ကောင်းလာသော ကိုငွေခိုင်၏ မျက်နှာကို မေခင်က သတိပြုမိလေသည်။

ရေစက်စက် စိုနေသော မျက်မှန်ကိုချွတ်ကာ ကိုငွေခိုင်သည် သူ၏ လက်ကိုင်ပဝါနှင့် ပွတ်သုတ်နေသည်။

"ပြန်ပါဦးမယ် . . .၊ ကိုယ်လည်း ချမ်းလာပြီ"

မျက်မှန်ဒေါက်ညှပ်ရာ နှာခေါင်းရင်းနေရာတွင် ပိန်ချိုင့်၍ မျက်မှန်မပါသဖြင့် ကြောင်တောင်တောင်ဖြစ်နေသော ကိုငွေခိုင်၏ မျက်စိများကို အကဲခတ်ရင်း . . .

"ပြန်လေ . . . ပြန်တော့၊ ဒါထက် ကိုငွေခိုင်ရဲ့ မျက်စိတွေဟာ သိပ်မှုန်နေတယ် ထင်တယ်နော်" ဟု မေခင်က တစ်ဆက်တည်း မေးလိုက်၏။

ကိုငွေခိုင်သည် မျက်မှန်ပြန်တပ်ကာ မေခင်အား ပြုံးကြည့်လျက် . . .

"အဝေးရော အနီးရော မှုန်တာ မျက်မှန်ချွတ်ထားရင် အကန်းလိုပဲ၊ အင်မတန် စိတ်ပျက်စရာကောင်းတယ်" ဟု ညည်းညူလိုက်၏။

"ငယ်ငယ်ရွယ်ရွယ်နဲ့ ဘာလို့များ ဒါလောက် မှုန်ရပါလိမ့်မလဲနော်"

"၁၂ နှစ်သားတည်းက စာတွေ အလွန်အကျွံဖတ်တာ၊ နေ့ရော ညရော အလပ်မပေးဘူး။ ကြာတော့ အညောင်းမိပြီး ဆီးကိုင်လာတာပဲ၊ ယူနီဗာစီတီ

mgyoe.com

m.gyoe.com
ရောက်တဲ့နှစ်က ဆီးရောဂါနဲ့ ဆေးရုံ တစ်လလောက် တက်လိုက်ရသေးတယ်လေ၊ အဲဒီထဲက မျက်စိမှုန်ခဲ့တာ။ ခု မျက်မှန်တပ်တာ ၄ နှစ်ကျော်ပြီ"

"သြော် . . ."

မေခင်သည် ကရုဏာသက်စွာဖြင့် ကိုငွေခိုင်အား ငေးစိုက်ကြည့်နေမိသည်။

"ကိုင်း . . . စကားတော့ ကောင်းပါရဲ့ ပြန်ဦးမယ်၊ ဟသ်ာတမှာ ၃ ရက်ပဲကြာခဲ့တယ်။ သိပ်ကြာကြာနေလို့ မရဘူး၊ စုံထောက် နောက်က လိုက်လို့ ခြေရာ မနည်းဖျောက်ထားခဲ့ရတယ်၊ အိမ်မှာတောင် ကြာကြာနေလို့ မဖြစ်ဘူး။"

"အို . . . ဖြစ်ရလေ"

မေခင်ကား ကပျာကယာ ခပ်သုတ်သုတ် ပြောပြောဆိုဆို ထွက်သွားသော ကိုငွေခိုင်၏ ကျောပြင်ကို စိုက်ကြည့်ရင်း သက်ပြင်းတစ်ချက် ချကာ ကျန်ရစ်လေ၏။

ကိုငွေခိုင်သည် မေခင်အား ကျောခိုင်းကာ မိုးသည်းထဲတွင် ပျောက်ကွယ်သွားလေသည်။

မေခင်သည် ပုစွန်ချဉ်ထုပ် လက်တွင်ကိုင်ကာ အတန်ကြာ ငိုင်နေသည်။ နောက်မှ သတိဝင်လာကာ သံတံခါးကို ဆွဲစေ့ပိတ်လိုက်လေသည်။

ဧည့်ခန်းကို ဖြတ်လာပြီး အလယ်ခန်းတွင် အပ်ချုပ်စက်ကို ထိုင်ပြင်နေသော ဖခင်အား တွေ့ရသည်။

"ဟဲ့ . . . စောစောက သမီးနဲ့ စကားပြောနေတာ ဘယ်သူလဲ"

"ကိုငွေခိုင်ပါ ဖေဖေ၊ ဟသ်ာတက ပြန်လာလို့ ပုစွန်ချဉ် လာပေးတာပါ"

မေခင်သည် ပုစွန်ချဉ်ထုပ်ကို မျှပြရင်း ပြောလိုက်ရာ ဖေဖေက မေခင်အား မျက်မှန်ထူကြီးပေါ်မှ ကျော်ကာ ကြည့်လိုက်လေသည်။

"ဒီလိုတော့ သူငယ်လေးက တော်သားပဲ"

ဦးအေးခင်က သူ့အဓိပ္ပာယ်နှင့်သူ ထင်မြင်ချက်ကို ပေးနေသည်။

"သူဟာ လူတော်တစ်ယောက်ပါပဲ ဖေဖေ"

မေခင်က လူကြီးသူမသဖွယ် တည်ကြည်စွာ ပြောလိုက်လေသည်။
mgyoe.com

mgyoe.com

မေခင်ကလည်း သူ့အယူအဆနှင့်သူ ဖြစ်သည်။

"ဒါပေမဲ့ သူဟာ သူပုန်တဲ့ သမီးရဲ့၊ မနေ့က ဖေဖေ့မိတ်ဆွေ အက်(စ်) အိုင်ပီ တစ်ယောက်ကတောင် ပြောနေတယ်"

"သူပုန် . . . ဟာ မဟုတ်တာဘဲ ဖေဖေရယ်၊ မဟုတ်ပါဘူး။ သူဟာ တိုင်းပြည်အတွက် အလုပ်လုပ်နေတဲ့ လူတစ်ယောက်ပါ။ သူ့ကိုယ်အတွက် လည်း သူဘယ်တော့မှ မကြည့်ဘူး၊ နိုင်ငံရဲ့အရေးဟာ သူ့အရေးပဲ ဖေဖေ ရဲ့"

မေခင်သည် ခေါင်းတညိတ်ညိတ် လည်တခါခါနှင့် ဝံ့ကြွားစွာ ဖခင် ဖြစ်သူအား ပြောပြနေမိသည်။ သူ၏ ခံ့ညားသော စကားလုံးများအတွက် မေခင်သည် များစွာကျေနပ်နေမိသည်။ မေခင်၏ မျက်လုံးရွဲကြီးများသည် လည်း အလိုလိုတောက်ပနေလေသည်။

မေခင်၏ ဖခင်ကား ခပ်မဆိတ်နေသည်။ မေခင်ပြောသည်ကို လက်ခံ လို၍လော၊ သို့မဟုတ် ဖက်ပြိုင်၍ မပြောလို၍လော မေခင် မတွေးတော တတ်ပေ။ ။

mgyoe.com

mgyoe.com

[ ၄ ]

ငွေနှင်းမှုန်ဝေလာသောအခါတွင် ဂမုန်းအင်နှင့် သဇင်ပွင့်တို့သည် ပျံ့မွှေးသင်းကြိုင်လာလေသည်။

ထို့အတူ ဆောင်တော်ကူးပန်းပွင့်များနှင့် ဒီဇင်ဘာပန်းပွင့်ငယ်တို့သည် ပင်လုံးကျွတ်မျှ ဖွေးဖွေးလှုပ်ပွင့်ကြလေသည်ဖြစ်၍ လေသင့်ရာ သင်းပျံ့ကြိုင်လှိုင်နေသည်။

နာတာလူးပွဲတော်သို့ ရောက်တော့မည် ဖြစ်သည်။ ဒီဇင်ဘာလ ၂၃ ရက်နေ့တွင် ခရစ်စမတ်အကြို ဖြစ်ရကား ခရစ်ယာန်တို့သည် ဓမ္မ တေးသံများကို သံပြိုင်သီဆိုရန် တိုက်နေကြသည်။

မေခင်တို့နေသော ရပ်ကွက်သည် ခရစ်ယာန်ရပ်ကွက်ဖြစ်သည်။ တေးသံတလွင်လွင်နှင့် ကြားနေရသည်။

တိတ်ဆိတ်ငြိမ်သက်သော ည . . . ထူးမြတ်သော ည . . . အရာအားလုံး အေးချမ်းကာ တောက်ပလို့နေပါသည်။

စသည်ဖြင့် ယေရှုဘုရားသခင် မွေးဖွားသော ကာလစပ်ဆိုသော တေးသီချင်းသည်ကား ခရစ်ယာန်တို့ ပါးစပ်ဖျားတွင် သီဆိုလျက်ရှိလေသည်။

အမိုးပင် ငယ်စဉ်ဘဝကို သတိရ၍ ဤသီချင်းလေးကို သံသာနွဲ့ပျောင်းနှင့် ညည်းနေ၏။ မေခင်သည်လည်း သည်သီချင်းကိုကျောင်းသူဘဝနှင့် နှုတ်တိုက်ရခဲ့သဖြင့် တငြိမ့်ငြိမ့်သံအေးနှင့် မြည်ကြွေးမိလေသည်။

"မေခင် . . . သမီး ဒီသီချင်းကို စန္ဒရားတီးစမ်းကွယ်၊ ကိုယ့်ဘာသာ မဟုတ်ပေမဲ့ တယ်ကြည်နူးစရာကောင်းတယ်" ဟု ဖေဖေကပင် မနေနိုင်

mgyoe.com

mgyoe.com
သဖြင့် မေခင့်အား ခိုင်းနေသည်။

"သြော် . . . ကိုအေးခင်ရယ်၊ ကျွန်မတို့မှာ ဘာသာတရားတော် ရှိလို့ လူတွေဟာ ဒါလောက် ယဉ်ကျေးနေတာပေါ့၊ ဘာသာဆိုတာမရှိရင် ကျွန်မတို့ တစ်ယောက်နဲ့တစ်ယောက် ထသတ်ကြမလားပဲနော်"

အမိုးက ဗီရိုဖုန်များသုတ်ရင်း ပြောလိုက်သည်။ အမိုးသည် ကြမ်း ဆက်တိုက်နေသည်။ ပါလစ်ပြောင်နေသော ကြမ်းပေါ်တွင် အမိုးသည် သူ့ဘာသာသူ ချော်လဲလေသည်။ မေခင်၏စန္ဒရားသံသည် တန့်ခနဲ ရပ် ကာ အမိုးဆီသို့ ပြေးလာသောအခါတွင် ဖေဖေက အမိုးကို ပွေ့ထူပြီးဖြစ် နေသည်။

"သမီးရေ . . . သမီး၊ စန္ဒရားကို ဆက်တီးစမ်းပါ"ဟု ဖေဖေက ပြောရင်း အမိုးကို ပွေ့ဖက်ပြီး ရင်ချင်းအပ်၍ အနောက်တိုင်းထုံးစံအတိုင်း ကနေသည်။

အမိုးသည် မျက်ပေါက်မရှိအောင် ရယ်မောရင်း ဖေဖေ့အား တွန်းဖယ် နေသည်။ ဖေဖေ၏ မြင့်မားသောအရပ်နှင့် ခန္ဓာကိုယ်ကြီးမှာ ကားကား ကားကားနှင့်၊ အမိုး၏ ဝဝဖိုင့်ဖိုင့် ပြားတားတားကိုယ်မှာလည်း ခုန်ဆွ ခုန်ဆွ နှင့်။ မေခင်သည် စန္ဒရားတီးရင်း ရယ်မောနေရသည်။

"အို . . . လမ်းကလူတွေတောင် ကြည့်သွားပြီ၊ ဖယ်စမ်းပါ၊ သူ တော်တော် ငယ်မူပြန်ချင်တယ်"ဟု ဆိုကာ အမိုးက ဖေဖေ၏ ကိုယ်ကြီးကို တွန်းထုတ်လိုက်လေသည်။

မေခင်သည် လက်ခုပ်လက်ဝါးတီးကာ ရယ်မောရင်းက

"ကပါ အမိုးရဲ့၊ ဆက်ကပါ၊ ကြည့်လို့ကောင်းပါတယ်"ဟု အားပေး စကား ပြောရသည်။

"အမယ်လေးတော်၊ ကိုယ့်သမီးပဲ အားပေးမယ့်သူရှိတယ်"ဟု အမိုးက မောဟိုက်သံနှင့် ပြောလိုက်လေသည်။

ထို့နောက် ဖေဖေသည် ဇာတ်မင်းသားများသဖွယ် ကွေးနေအောင် ကကာ အမိုး၏လက်ကို ဖမ်းဆွဲလိုက်လေသည်။

"တော်စမ်းပါတော့၊ ကလေးရှေ့မှာ မတော်မတည့်တွေ"

အမိုးက ဖေဖေ့လက်ကို ပုတ်ချလိုက်လေသည်။
mgyoe.com

mgyoe.com

မေခင်သည် စစ်ဖြစ်သည်ဆိုသော်လည်း သူ့အတွက် ဝမ်းနည်းစရာ မဟုတ်ပေ။ ဒီဇင်ဘာ လဆန်းကတည်းက ကျောင်းပိတ်လိုက်သည့် အတွက် စာကျက်ရမည့်တာဝန်လည်း ကင်းသွားပေပြီ။ သို့သော် သူ ၁၀ တန်းရောက်သည့်နှစ်တွင် ဤသို့ ကျောင်းပိတ်ရသောကြောင့် တက္ကသိုလ်ကျောင်းသို့ မတက်ရသည့်အတွက်မူ သိပ်ကျေနပ်ခြင်း မရှိလှပေ။

မေခင်၏ဖေဖေမှာလည်း သည် 'လ' ထဲတွင်ပင် သူလုပ်နေသော မျက်နှာဖြူကုမ္ပဏီမှာ ပိတ်လိုက်ရသဖြင့် ငွေစာရင်းကိုင်အလုပ်မှ ရပ်နားလိုက်ရလေသည်။ သည်အတွက် မေခင်တို့ အိမ်ထောင်စုသည် သိပ် ပူပန်ခြင်းမရှိလှပေ။ သူ စုဆောင်းပြီးသော ဝင်ငွေလေးဖြင့် သားအမိ သားအဖ သုံးယောက် လုံလုံလောက်လောက် စားသောက်နေထိုင်ကြလေသည်။

ဖေဖေသည် ပျော်တတ် ပါးတတ်သော သူတစ်ယောက်ဖြစ်သောကြောင့် အလုပ်ပိတ်သောနေ့ရက်ကစပြီး ခြံထဲဆင်းမာလီအလုပ်ကို လုပ်လိုက်၊ စာဖတ်လိုက်၊ ဘုရားရှိခိုး ပုတီးစိပ်လိုက်၊ အားလျှင် အမိုးကို တစ်လှည့်၊ မေခင်ကိုတစ်လှည့် နောက်ပြောင်လိုက်နှင့် အချိန်ကုန်တော့သည်။

ဒီဇင်ဘာလ ၂၃ ရက်နေ့တွင် အမိုးက နံနက်စာ အစောကြီး ကျွေးလေသည်။ ထို့နောက် အမိုးက သူ့လက်ဖြစ် လှပသော အစိမ်းရောင် ကျောက်ကျောတုံးလေးများ ကျွေးသေးသည်။

"သမီးခေါင်းမှာ ပန်ထားတဲ့သဇင်ပန်းတွေက သိပ်မွှေးတာပဲ"

ဖေဖေက မေခင်၏ခေါင်းကို လှမ်းကြည့်ကာ ပြောလိုက်လေသည်။

"ခု သဇင်ပန်းတွေပေါ်နေပြီ ဖေဖေရဲ့၊ အမိုး မနက်ကဝယ်လာတာ ဖေဖေ မွှေးဦးမလား၊ ရော့လေ"

မေခင်သည် သူ၏ တစ်ပတ်လျှိုဆံထုံးတွင် ဝေနေအောင် ပန်ထားသော သဇင်ပန်းများအနက် နှစ်ခက်၊ သုံးခက်ကိုဖြုတ်ကာ ဖေဖေ့ အား လှမ်းပေးလိုက်လေသည်။ ဦးအေးခင်သည် မေခင်ပေးသော သဇင်ခက်များ ကိုနှာဝတွင် တေ့ရှူလျက် အမိုးထိုင်နေရာသို့ မျက်စိစွေကြည့်ကာ . . .

"အင်း . . . သဇင်ပန်းမြင်ရင် သန်းသန်းကိုသတိရသကွယ်" ဟု ကျောက်ကျောတစ်တုံးကို ဇွန်းနှင့် ကော်စားရင်း စလေသည်။

mgyoe.com

mgyoe.com

အမိုးက မျက်စောင်းလှမ်းထိုးလိုက်သည်။

"သန်းသန်းက ဘယ်သူလဲ ဖေဖေ"

"သမီးအမိုးကို မေးပါလား"

"သူ့အဆက်ဟေ့ သူ့အဆက်၊ သေတဲ့အထိ မမေ့နိုင်တဲ့ သူ့အချစ်ပေါ့"

အမိုးက ခပ်ဆောင့်ဆောင့်ဖြေလိုက်သောအခါ ဖေဖေက တသောသော ရယ်မောနေသည်။ သဇင်ပန်းခက်များကို ဖေဖေသည် သူ့ ရှပ်အင်္ကျီအိတ်ထဲ ထောင်လျက် ထည့်ထားလိုက်သည်။

"မင်းအမိုးက ဖေဖေနဲ့တွေ့တော့ သူကလည်း အားကျမခံ ပန်းတွေ ဝေနေအောင် ပန်ထားတယ်၊ ဘာပန်းတွေပန်သလဲ သိသလား"

"ဘာပန်းလဲ ဖေဖေ"

မေခင်သည် သူ့အဖေ နောက်ပြောင်နေမှန်းသိသဖြင့် ရယ်ချင်လှသော မျက်နှာထားနှင့် မေးလိုက်လေသည်။

"ခွေးသေးပန်းတွေလေ"

မေခင်ကား အသံထွက်ရယ်မောနေလေသည်။ အမိုးသည် ဘာမှ မတတ်နိုင်တော့ဘဲ ပြုံး၍သာနေရ၏။ စင်စစ် အမိုးသည် ပန်းကြိုက်တတ်သူမဟုတ်။ မိန်းမတစ်ယောက်ဖြစ်သော်လည်း မှတ်လောက်သားလောက် ဘယ်ပန်းမှ ခေါင်းပေါ်မတင်ဖူးပေ။ အမိုးသည် သနပ်ခါး၊ ပေါင်ဒါလိမ်းကျံခြင်း မလုပ်တတ်အောင်ပင် ရိုးသားလွန်းလှပေသည်။

× × ×

ခွေးအူသံပမာ ရှည်လျားသောဥဩမှုတ်သံကိုကြားရလေသည်။

စစ်၏ အထိမ်းအမှတ်ဖြစ်သော ဥဩသံကိုကား မြို့သူမြို့သားတို့ မကြာခဏ ကြားရလေသည်။ မကြာခဏဆိုသလိုပင် စမ်း၍ ဥဩမှုတ်တတ်ပေသည်။

"ဥဩစမ်းပြန်ပြီ သမီးရေ"

အမိုးကား မေခင်အားလှမ်း၍ပြောလိုက်သည်။ ဖေဖေကမူ ဥဩသံကို မကြား၊ ပက်လက်ကုလားထိုင်ပေါ်တွင် ဟောက်၍ အိပ်နေသည်။

mgyoe.com

"ဥသြက လေယာဉ်ပျံလာခါနီးမှ မှုတ်တာနော်"

"အချက်ပေးတာပေါ့ကွယ်၊ ဒီလိုအခါဆိုရင် လူတွေဟာ ဗုံးခိုကျင်းမှ ပြေးပုန်းဖို့ပေါ့"

"မေခင်တို့ကျတော့ ပြေးလည်းမပြေးဘူး"

"ဒီမှာကတော့ အဟုတ်မှ မမှုတ်သေးဘဲ၊ စမ်းတာကိုး"

"ဟော . . . နားထောင်၊ နောက်ထပ် ဥသြတစ်ခါမှုတ်ပြန်ပြီ အမိုးရေ"

များမကြာမီ ဝီဆိုသော အသံများ ဟိန်း၍လာသည်။

"အမိုးရေ . . . အမိုး အခုကြားရတာ ဘာသံတွေလဲ"

မေခင်က ဆက်၍ မေးလိုက်ပြန်သည်။

"အင်း . . . ဟုတ်ပါရဲ့၊ ဘာသံလဲ မသိဘူး"

ဝီဆိုသော အသံကြီးများသည် နီးကပ်သည်ထက် နီးကပ်လာလေသည်။

"အမိုး . . . အသံကြီးတွေက ကြောက်စရာပါလား"

"အေးဟဲ့ . . . လေယာဉ်ပျံသံတွေလား မသိဘူး"

"လေယာဉ်ပျံ . . ."

"ဟုတ်တယ် မေခင် . . .၊ ရန်သူလေယာဉ်ပျံတွေ ဗုံးကြဲဖို့လာပြီ ထင်တယ်"

အမိုးသည် ကပျာကယာ ထိုင်ရာမှထကာ ပြတင်းပေါက်မှ လှမ်းမျှော်၍ ကောင်းကင်သို့ မော်ကြည့်လိုက်သည်။

"ဟုတ်လား အမိုး၊ ဖေဖေ့ကို နှိုးပြောမှ ထင်တယ်"

ထိုအခိုက် ဝုန်းခနဲ တုန်ဟီး အော်မြည်လိုက်သော အသံကြောင့် အိမ်ကြီးမှာ သိမ့်သိမ့်တုန်သွားသည်။ ငလျင်လှုပ်ဘိသကဲ့သို့ ရှိလေရာ အိမ်မှာ လှုပ်ခါလိုက်သလိုလည်း ဖြစ်သွားလေသည်။

"ဗုံးကြဲတာ . . . ဗုံးကြဲတာ"

အမိုးက တုန်ယင်စွာ ပြောလိုက်လေသည်။

ဖေဖေက ကပျာကယာ အိပ်ရာမှ လူးလွန့်ကာ ကျိုးကြည့် ကြောင်ကြည့် ဖြစ်နေသည်။

"အိပ်ချင်မူးတူးနဲ့ ကြောင်မနေနဲ့၊ ဗုံးကြဲနေပြီ"ဟု အမိုးက မျက်နှာပျက်ပျက်နှင့် ပြောလိုက်သည်။

mgyoe.com

mgyoe.com

"ဂျပန် လေယာဉ်ပျံတွေ ဗုံးလာကြဲတာလား။ ဝပ်နေဘက်တီ ဝပ် နေ၊ မေခင် မင်းအမိုးကိုတွဲပြီး ထောင့်တစ်နေရာမှာ ဝပ်နေကြ"

ဖေဖေက အကြံပေးလိုက်သည်။ သည်တော့မှ အမိုးတို့သည် လှုပ်ရှားဖို့ သတိရလာလေသည်။

ရှိုး . . . ဆိုသော အသံကျယ်ကြီးမှာ နီးကပ်လာပြီး ဝုန်းခနဲ ပေါက်ကွဲသံကြီးမှာ ကြောက်ခမန်းလိလိ ထွက်ပေလာလေသည်။ လူတို့ လူးလားခတ် ပြေးလွှားသံ၊ အော်ဟစ်မြည်ကြွေးသံ၊ တကြော်ကြော် ခေါ်ကြသံနှင့် ညည်းသံတို့မှာ ကမ္ဘာပျက်လုခမန်း ရှိလေသည်။

မေခင်နှင့် အမိုးတို့သည် ဧည့်ခန်းတံခါးကြားတွင် ငြိမ်ပုကာ ထိုင်နေကြသည်။ တစ်ယောက်နှင့်တစ်ယောက် ပူးကပ်၍ တစ်ယောက်လက်ကို တစ်ယောက် တင်းကျပ်စွာ ဆုပ်ကိုင်ထားလေသည်။

ဖေဖေကမူ ပြတင်းပေါက်မှ လှမ်းမျှော်ကြည့်နေသည်။

"ကိုအေးခင် . . . ရှင် မကြောက်ဘူးလား။ ကြည့်မနေနဲ့ရှင့်၊ ပစ်တဲ့ ခတ်တဲ့အထဲ ပါသွားဦးမယ်၊ လာ . . . လာ . . . လာလေ"

အမိုးက စိုးရိမ်ကြီးစွာ လှမ်းအော်နေသည်။

"ကိစ္စမရှိပါဘူး ဘက်တီရာ၊ သေနေ့စေ့မှ သေရမှာပါ"

"ဒါပေမဲ့ ကျုပ်စိုးရိမ်တယ်၊ လာစမ်းပါ"

ထိုအခိုက် ဗုံးပေါက်ကွဲသံ မြည်ဟည်းလာပြီးနောက် နောက်ဖေးဘက်မှ မီးခိုးလုံးကြီးများ ပျံ့ထွက်လာလေသည်။

"ငနဲတွေ လေယာဉ်ပျံ ထိတယ်ဟေ့၊ ဟော . . . ဟော လေထီးနဲ့ ဆင်းလာပြီ တစ်ယောက်၊ နှစ်ယောက်၊ သုံးယောက်။ အောင်မယ် မနည်းဘူးဟ"

ဖေဖေက လက်ညှိုးတထိုးထိုးနှင့် ပြောနေဆဲတွင် "ဩော် ကိုအေးခင် ကလဲ လာပါဆိုနေတာ"ဟု အမိုးကလည်း လှမ်းအော်နေသည်။

"ဒီကောင်တွေက စက်သေနတ်နဲ့ ပစ်တယ်ကွ"

တဒက်ဒက်နှင့် စက်သေနတ်ပစ်သံတွေကို တရစပ် ကြားနေရလေသည်။

အိမ်နောက်ဖေးဘက်ကလည်း မီးခိုးလုံးကြီးများ တက်ကာ တစ်ဖောက်

mgyoe.com

ဖောက်နှင့် မီးကျီမီးတောက်များတွင် ပျဉ်စ၊ ပျဉ်ချပ်များ လွင့်တက်သံလိုလို ကြားနေရသည်။

"မီးလောင်တယ်ဟေ့" ဟု အပြင်မှ အော်သံကိုလည်း ကြားနေရသည်။

ဘီလူးစီးနေသော စစ်ဝါဒီသမားတွေကြောင့် မြေစာပင်တို့သည် ပျက်စီးကြေမွရရှာလေပြီ။ လူ့ပြည်လူ့ရွာတွင် လူသားတို့ သွေးချောင်းစီးရသော အဖြစ်အပျက် တစ်ရပ်သည် ကမ္ဘာ့သမိုင်းတွင် တင်၍ကျန်ခဲ့သည်။ ဤကား ဒုတိယကမ္ဘာစစ်အတွင်းက အဖြစ်အပျက်တည်း။

"မီးက နီးတယ်ထင်တယ်"

ဦးအေးခင်က အိမ်နောက်ဖေးဘက်သို့ ပြေးထွက်သွားသည်။

စက်သေနတ်တို့ကလည်း ပစ်ခတ်မြဲတည်း။

မကြာမီ . . .

အိမ်နောက်ဖေးဘက်တွင် ဝုန်းခနဲ ပြိုလဲသံတစ်ခုကို ကြားလိုက်ရလေသည်။

"အမိုး . . . အမိုး . . . အဖေ့ကို ခေါ်လိုက်ရအောင်၊ ဖေဖေ နောက်ဖေးပေါက်က သွားကြည့်နေပြန်ပြီ"

"တယ်ခက်တဲ့ ကိုအေးခင်ပဲ၊ ပြောမရ ဆိုမရနဲ့" ဟု အမိုးက နေရာမှ ထကာ နောက်ဖေးဘက်သို့ လိုက်သွားသည်။

မေခင်လည်း အမိုးနောက်မှ အမိုး၏ခါး ထဘီစကို ဆွဲကာ လိုက်သွားလေသည်။

အိမ်နောက်ဖေးခန်းကား မသိမ်းဆည်းရသေးသဖြင့် မသေမသပ်နှင့် ရှိလေသည်။

အမိုးသည် အိမ်နောက်ဖေးတံခါးဝကို လှမ်းကြည့်ကာ . . .

"အမယ်လေး ကိုအေးခင်ရယ်၊ ဘယ့်နှယ် ဖြစ်တာတုန်း"ဟု အထိတ်တလန့် အော်ဟစ်လိုက်၏။

ဦးအေးခင်ကား တံခါးဝတွင် ပက်လက်လန်လျက် မြင်မကောင်း ရှုမကောင်း ဖရိုဖရဲအဝတ်အစားများနှင့် လဲနေသည်။ ရုပ်အင်္ကျီမှာ အစိတ်စိတ် အမြွာမြွာ ဗရချာ စုတ်ပြဲကာ ရင်ဘတ်တစ်ဝိုက်တွင် အပေါက်ပေါက်များ ဖြစ်နေသည်။ သွေးများ အိုင်ထွန်း၍ ကြည့်မကောင်းအောင်ပင် ပိုးစိုး

mgyoe.com

mgyoe.com

ပက်စက်ကြီး ဖြစ်နေသည်။

အမိုးသည် ဖေဖေ့ဆီ အပြေးအလွှားသွားကာ ပွေ့ထူလိုက်သည်။ ဦးအေးခင်သည် ဇက်ကျိုးကာမျက်ဖြူလန်၍နေပေပြီ။

အမိုးသည် ဖေဖေ၏နဖူးမှဆံစကို တယုတယသပ်ကာ မျက်ရည်ဖြိုင်ဖြိုင်ကျလျက် . . .

"မေခင်ရေ၊ ဘယ့်နှယ်လုပ်ရမလဲ သမီးရယ်၊ နင့်အဖေ ဆုံးပြီ"ဟု ကြေကွဲစွာ ပြောလိုက်လေသည်။

"ဖေဖေလေ"

မေခင်သည် မလှမ်းမကမ်းတွင် ကြောင်တောင်တောင်ငေး၍ တိုးတိုးလေးပြောလိုက်ရင်း မျက်ရည်မကျဘဲ ရှိုက်နေသည်။ မေခင်၏ ခြေရင်းတွင် သဇင်ပန်းခက်လေးများသည် သွေးစများ ပေကျံကာ ကြေမွနေသည်။

မေခင်မှာ သွေးလျှမ်းသော သဇင်ပွင့်ခက်များကို ပြူးကြောင်သော မျက်လုံးများဖြင့် စိုက်ကြည့်လျက် . . .

"ဒါလောက် မမြန်နိုင်ပါဘူး အမိုးရယ်၊ ဒါလောက် မမြန်နိုင်ပါဘူး"ဟု တုန်လှုပ်စွာပင် တတွတ်တွတ် ရေရွတ်၍ နေလေသည်။

အမိုးသည် စက်သေနတ်ဒဏ်ရာဖြင့် ရင်အစိတ်စိတ်အမြွာမြွာ ဖြစ်လျက် သေဆုံးနေပြီဖြစ်သော လင်ယောကျ်ား၏အလောင်းကို ကယောင်ကတမ်းနှင့် ကိုင်လှုပ်ကာ "ကိုအေးခင်၊ ကိုအေးခင်"ဟု ခေါ်နေမိသည်။

"ဖေဖေ မသေသေးပါဘူး အမိုးရဲ့၊ ဆေးရုံပို့ပေးပါဦး"ဟု မေခင်က မျှော်လင့်ချက်ကြီးမားစွာနှင့် ပြောဆိုမိသေးသည်။

ဤတွင် 'အမိုး' သည် ရှိုက်ကြီးတငင် ငိုကြွေးကာနေ၏။

ဘေးကင်းဥသြများပင်ဆွဲပြီးနောက် လူတို့ လှုပ်လှုပ်ရွရွဖြစ်နေကြချိန်တွင် အမိုးနှင့်မေခင်တို့သည် ဖေဖေ၏အလောင်းဘေးတွင် ဒူးထောက်ထိုင်ကာ ငိုကြွေးနေကြဆဲပင်တည်း။

သူများတွေ၏ ရတ်ရတ်သဲသဲ ပြောသံဆိုသံတွေ ဘာမှ မကြားရတော့ပေ။ ကမ္ဘာလောကကြီးတစ်ခုလုံးတွင် ဖေဖေရယ်၊ အမိုးရယ်၊ မေခင်ရယ် သုံးဦးပဲရှိသည်။ ဖေဖေ၏ အတ္တဘော ခန္ဓာကိုယ်ကြီးကား အလွန်တရာ အစိပ္ပာယ်ကင်းမဲ့စွာနှင့် ရှိလေသည်။ မေခင်၏ဘဝတွင် ထိုအချိန်အထိ

mgyoe.com

mgyoe.com


ဤသို့ တစ်ခါမှ အဓိပ္ပာယ်ကင်းမဲ့ခြင်း မဖြစ်ခဲ့ဖူးပေ။

မေခင်သည် တသိမ့်သိမ့်ရှိုက်၍သာ ငိုနေသည်။ မျက်ရည်ပေါက်များသည် သမံတလင်း ကြမ်းပြင်ပေါ်သို့ တဖွဲဖွဲကျလာလေသည်။

ဝေရီသော မျက်ရည်အကြားမှ ခြေထောက် တစ်စုံကို လှမ်းမြင်မိသည်။ မေခင်သည် ခြေထောက်မှသည် အောက်ပိုင်း ယောလုံချည်၊ အထက်ပိုင်း ရုပ်ဖြူပေါ်မှ ပင်နီတိုက်ပုံအင်္ကျီ စသော အဝတ်အစားများကို တွေ့မြင်ရပြီး ကရုဏာအပြည့်လျှမ်းနေသော မျက်နှာကိုတွေ့ရသည်။

"မေခင်တို့အတွက် စိတ်ပူလို့လာကြည့်တုန်း ဒီလိုတွေ့နေရတယ် မေခင်ရယ်၊ စိတ်ကိုဖြေပါ၊ ဒေါ်ဒေါ် စိတ်ဖြေပါနော်၊ ကျွန်တော်တို့ အားလုံးဟာ ဒီလမ်းကို မလွှဲသာမရှောင်သာ သွားကြရမှာပဲ"

ကိုငွေခိုင်၏ ကြင်နာသောအသံကို ကြားရမှပင် ပို၍ ဝမ်းပန်း တနည်းဖြစ်ကာ ရှိုက်သံများသည် ကျယ်သည်ထက် ကျယ်လာလေသည်။

ကိုငွေခိုင်သည် အသာဒူးထောက်ထိုင်ချကာ မေခင့်အနီးတွင်ရှိသော ဦးအေးခင်၏ ညာလက်ကောက်ဝတ်ကို ညင်သာစွာ ကိုင်စမ်းလျက် . . .

"ဘယ်တုန်းက ဆုံးသလဲ ဒေါ်ဒေါ်"

"အချိန်နာရီတွေ မကြည့်မိပါဘူးကွယ်။ ခပ်စောစောကပဲ၊ ဘေးကင်း ဥသြဆွဲခါနီးမှာဆိုပါတော့ လူကလေးရယ်"

အမိုးကား နီရဲရဲမို့မောက်နေသော မျက်လုံးများဖြင့် အဝေးသို့ မှုန်မှိုင်းစွာ ငေးမောလျက် တုန်တုန်ယင်ယင်နှင့် အဖြေပေးလိုက်ရှာလေသည်။

"ကျွန်တော် ဆေးရုံကိုသွားပြီး အကြောင်းကြားပေးမယ် ဒေါ်ဒေါ်"

"ကြည့်သာလုပ်ပါတော့ကွယ်၊ ဒေါ်ဒေါ်တော့ ဘာလုပ်ရ ဘာကိုင်ရမှန်းမသိဘူး။ ဒေါ်ဒေါ့်ရင်ထဲ ဘယ်လိုဖြစ်မှန်းလဲ မသိဘူး၊ မင်းလာတော့ ဒေါ်ဒေါ် ဘယ်လိုစကားပြောရမှန်းလဲ မသိဘူး။ အမယ်လေး၊ ရင်ထဲပူလိုက်တာနော်"

အမိုးသည် ကြောင်တောင်တောင် မျက်စိများနှင့် "အမယ်လေး" အခါခါတကာ ပရိဒေဝမီး တောက်လောင်နေရှာလေသည်။ မေခင်လည်း တအိအိနှင့် ရှိုက်ငိုနေသည်။

"စစ်ဆိုတာ ဒါလိုပါပဲ၊ ကမ္ဘာ့လူသတ်ပွဲကြီး ကျင်းပနေတာ၊ သေကြ

mgyoe.com

mgyoe.com


ကျေကြတာ အများကြီးပဲ။ အသတ်ခံရတဲ့သူသေသလို၊ သတ်တဲ့လူ လည်း သေတာပဲ၊ လူအများဟာ သေမင်းကို ရင်ဆိုင်ကြရမှာပဲ။ ခု ဒေါ်ဒေါ်နဲ့ မေခင်တို့ဟာ အပုံကြီးသက်သာသေးတယ်၊ အိမ်လုံးကျွတ် ဖုံးထဲပါပြီး သေသွားရတာတွေလဲ အများကြီးပဲ"

"ဒီလို သေသွားရတာမှ ကောင်းပါသေးတယ်"

မေခင်က ရှိုက်သံတစ်ဝက်တစ်ပျက်နှင့် နာကျည်းစွာ ဖြေလိုက်လေသည်။

"ကိုယ်ပြောတာ ဆုံးအောင်နားထောင်ပါဦး မေခင်။ မေခင့်မှာ မေခင့်ရဲ့ ဖေဖေဆုံးပြီး အမေ ကျန်ရစ်ခဲ့သေးတယ်၊ ခုနက ကိုယ် လမ်းမှာ တွေ့ခဲ့တဲ့ ကလေးမလေး တစ်ယောက်ဟာ အမေရော အဖေရော ဆုံးရှာတဲ့ အပြင် သူ့အစ်ကိုနဲ့ သူ့အောက်ညီမလေးပါ ဆုံးရှာတယ်၊ လမ်းတစ် လျှောက်လုံး ကြောက်အားလန့်အားနဲ့ သတိလစ်ပြီး သွေးရူး သွေးတန်း ပြေးနေရှာတယ်။ အဲဒီ မိန်းကလေးနဲ့စာရင် မေခင်ရဲ့အဖြစ်ဟာ အပုံကြီး တော်တာပေါ့"

ကိုငွေခိုင်ကား နှစ်သိမ့်စကားဆိုနေသည်။

"ကိုငွေခိုင်ပြောတာ မှန်ပါတယ်။ ဒါပေမဲ့ မေခင့်ရင်ထဲမှာ ဆို့ နေတာပဲ" ဟု မေခင်က ကြေကွဲစွာ ပြောလိုက်လေသည်။

"ဘာပဲဖြစ်ဖြစ်လေ မေခင့်မှာ အမိုး ကျန်ရစ်ခဲ့ပါတယ်၊ အမိုးမှာလည်း မေခင်ကျန်သေးတယ်။ မေခင်တို့အဖြစ်ဟာ လုံးဝမှောင်ကျတဲ့ အဖြစ်မျိုး မဟုတ်သေးပါဘူး၊ အလင်းရောင်ရှိနေပါသေးတယ်။ လရောင် ပျောက် ကွယ်သွားပေမဲ့ ကြယ်ရဲ့အရောင်ကျန်ပါသေးတယ် မေခင်ရယ်၊ ဒါလောက် သောကမဖြစ်ပါနဲ့"

မေခင်နှင့်အမိုးတို့ ရှိုက်သံသည် စဲစပြုလာလေသည်။ ကိုငွေခိုင် လိမ္မာသော နှုတ်မှုဖြင့်ပြောသော စကားများသည် မေခင်တို့၏ရင်ထဲတွင် တောက်လောင်နေသော မီးများကို နှင်းရည်နှင့် ပက်ဖျန်းလိုက်သည့်ပမာ ရှိလေတော့သည်။

မေခင်နှင့် အမိုးတို့သည် များစွာယဉ်ရှယ်နုနယ်သေးသော 'ကိုငွေခိုင်' ၏ မျက်နှာကို အမှတ်မထင်ကြည့်နေကြသည်။ အမိုးသည် 'ကိုငွေခိုင်' ကို ပထမဦးဆုံးအကြိမ် အံ့ဩမိလေသည်။

mgyoe.com

mgyoe.com

မေခင့်အနေနှင့် ကိုငွေခိုင်ကို အံ့သြခဲ့မိသည်မှာ နှစ်ကြိမ်သုံးကြိမ်ထက် မနည်းပေပြီ။ မေခင်သည် ကိုငွေခိုင်ကို စတွေ့ရကတည်းက အံ့သြရသူပင်တည်း။

"ကိုင်း . . . ကျွန်တော် ဆေးရုံကို သွားအကြောင်းကြားဦးမယ် ဟုတ်လား။ ဒေါ်ဒေါ်ကော မေခင်ကော ကြိုးစားပြီး စိတ်ဖြေပါ၊ အေးအေးချမ်းချမ်းနဲ့ ရှေ့ကို ဘယ်လိုစီစဉ်မယ်ဆိုတာသာ စဉ်းစားပါ"

ကိုငွေခိုင်သည် မေခင်တို့အနီးတွင် ဒူးထောက်ထိုင်နေရာမှ ထလေသည်။

"မင်းကို ဘုရားသခင် စောင့်ရှောက်ပါစေ"ဟု အမိုးသည် ငယ်မူ အယူမပျောက်နိုင်ဘဲ 'God Bless You' ဆိုသည့် ဆုတောင်းမေတ္တာပို့သမှုနှင့် အင်္ဂလိပ်လို ကျေးဇူးတုံ့ပြန်လိုက်လေသည်။

"ကိုငွေခိုင့်ကျေးဇူးကို ဘယ်တော့မှ မမေ့နိုင်ပါဘူး" ဟု မေခင်ကလည်း တီးတိုးဆိုလိုက်လေသည်။ ။

mgyoe.com

mgyoe.com

# [ ၅ ]

ဥသြငှက် မောင်မယ်တို့သည် သံချိုနှောကာ ချစ်တင်းစကား ပြောကြားခဲ့လေပြီတည်း။

ဒီရေတို့သည် တရွေ့ရွေ့တက်ကျလာခဲ့သည်နှင့် အမျှ 'အချိန်' ဆိုသည့် ပြောင်းလွဲမှုကြီးသည် မည်သူ့မျက်နှာကိုမှ ထောက်ထားကာ စောင့်ဆိုင်းနေခဲ့သည် မဟုတ်ပေ။

ဂျပန်တို့ ဗမာ့လွတ်လပ်ရေးတပ်မတော်သားများ အကူအညီနှင့် ရန်ကုန်သိမ်းပြီးသည့်အချိန်တွင်ကား မေခင်တို့သည် စစ်ကိုင်းတစ်ဖက်ကမ်းတွင်ရှိသော ရွှေကြက်ယက်ရွာကလေးသို့ စစ်ပြေးနေကြပေပြီ။

ရွှေကြက်ယက်ရွာကလေးသည် ငွေသဲသောင်မို့မို့နှင့် မြစ်ကမ်းနဖူးတွင် တည်ရှိသဖြင့် အလွန်သာယာပေသည်။

မြစ်ပြင်ဖွေးဖွေးကို တမျှော်တခေါ်ကြီး မြင်နေရလျက် တစ်ဖက်ကမ်းတွင် စေတီဖွေးဖွေးကလေးများနှင့် စစ်ကိုင်းတောင်တန်းကို တိမ်ဖြူအိအိ နောက်ခံလျက် တွေ့ရပေသည်။

ရေလယ်တွင် သောင်ထွန်းလျက်ရှိသော ကျွန်းကလေးများပေါ်၌ ကျေးတောင်ကဲ့သို့ စိမ်းမြနုသွေးရောင် ကိုင်းပင်နွဲ့နွဲ့တို့သည် လေသွဲ့ရာ ယိမ်းဝဲနေကြသည်။

ငွေရောင်ဖက်စပ် ပြိုးပြက်လျက်ရှိသော မြသားနဒီတွင် 'ငှက်'(လှေ) ကလေးများ ကူးခတ်ပုံမှာ ချစ်စဖွယ် တင့်တယ်လှသည်။

မေခင်သည် ကိုငွေခိုင်ထံမှ တောင်းယူထားခဲ့သော မှတ်တမ်းစာအုပ်

mgyoe.com

mgyoe.com

ကလေးထဲမှ ကဗျာကလေးတစ်ပိုင်းကို ဝမ်းထဲတွင် ရေရွတ်နေမိသည်။

ကိုငွေခိုင်သည် ကဗျာလင်္ကာဘက်တွင်လည်း စိတ်ဝင်စားလေသည်။

"သံချိုဥသြ၊ ချစ်ဖော်နှော၍
တောလည်း သာခေါင်၊ တောင်လည်း ညိုရစ်၊
မြစ်လည်းသာဘိ၊ တိမ်အိအိနှင့်"

× × ×

လက်ခတ်သံ တချွင်ချွင်ကြားနေရပေသည်။

အမရပူရသို့ ပို့မည့် အထည်များကို ရွှေကြက်ယက် လက်ရက်ကန်း၊ စက်ရက်ကန်းစင်များမှ ရက်ပို့ရလေသည်။

မေခင်သည် နှစ်ထပ်ခြေတံရှည် မိမိတို့အိမ်ရှေ့ရှိ မန်ကျည်းပင်စည်ရင်းတွင် မှီထိုင်ကာ တုတ်ချောင်းတစ်ချောင်းနှင့် မြေတလင်းပြောင်ပြောင်ပေါ်ဝယ် အရုပ်များ ရောက်တတ်ရာရာ ရေးဆွဲနေသည်။

စစ်ဖြစ်သောအခါဝယ် ကျောင်းပျက်ကြရသော လူငယ်လူရွယ်တို့၏ စိတ်ဓာတ်များ များစွာ 'လေ' လျက်ရှိလေသည်။ မေခင်သည်လည်း အမိုးနှင့်နှစ်ယောက်တည်းဖြစ်နေရာ ကိုငွေခိုင်တို့အိမ်ထောင်စုနှင့် ပေါင်း၍ ရွှေကြက်ယက်ရွာသို့ ပြေးလာကြရသည်။ သည်တော့ မေခင်၏စိတ်တို့မှာ အငြိမ်မနေနိုင်၊ အတွေးနယ်ကျယ်နေတတ်သည်။

တစ်ဦးတည်းသော သမီး၊ တစ်ယောက်ထီးတည်းနေလာသော သူသည် လူများသော အိမ်ထောင်စုနှင့် နေလာရသောအခါ စဉ်းစားတွေး ခေါ်စရာ အကြောင်းများ ရှိလာရလေသည်။

"မေခင်"

"မေခင်၊ အမယ်လေး ခေါ်လိုက်ရတာတော်၊ ဘာတွေများ စဉ်းစား နေရတာလဲ ဒါလောက်တောင်"

"ဟင် . . . ဒေါ်ဒွေး"

မေခင်သည် ဒေါ်ဒွေးအား ကြောင်တောင်တောင်မျက်လုံးလေးများနှင့် ငေးကြည့်နေသည်။

"ဒေါ်ဒွေး ခန္ဓာကိုယ်က သေးသေးမို့လို့ ထင်ပါရဲ့၊ တကတဲ ရပ်နေတာ
mgyoe.com

mgyoe.com

ကြာပြီ မမြင်ဘူး"

"ဟုတ်လား၊ ဒေါ်ခွေးကလည်း ပြောရှာမယ်"

မေခင်က ပြုံးလျက် ဒေါ်ခွေး၏ပခုံးကို လှမ်းပုတ်လိုက်လေသည်။ ဒေါ်ခွေးသည် သူ၏ ကြီးမားလေးလံသော ခန္ဓာကိုယ်ကြီးနှင့် မြေကြီးပေါ် 'အင်း' ခနဲ အော်မြည်ထိုင်ချရင်း

"မေခင်၊ ဘာတွေစဉ်းစားနေတာလဲ"

ရှုးစမ်းသော အကြည့်နှင့် မေးလိုက်လေသည်။

"တောင်တောင်မြောက်မြောက် စုံလို့ပဲ ဒေါ်ခွေးရယ်"

မေခင်ကား လုံး၍ဖြေလိုက်သည်။

"မေခင် ဘာတွေ စဉ်းစားနေတာလဲဆိုတာ ဒေါ်ခွေးသိပါတယ် ကွယ်"

"မေခင်ရဲ့စိတ်ကို ဒေါ်ခွေး ဘယ့်နှယ်သိနိုင်မလဲ"

ဒေါ်ခွေးသည် မေခင်၏ဒူးပေါ်တွင် လက်ကလေးကို အသာအယာ တင်လျက် . . .

"အချိန်ကလည်း ညနေရီသရော၊ ရွာကလေးကလည်း စိမ်းစိမ်းစိုစို သာယာပါဘိသနဲ့၊ ဒီအချိန် ၁၇ နှစ်အရွယ် ၁၈ နှစ်အရွယ် မိန်းမပျိုလေး ဟာ စာလည်းမသင်ရ၊ အိမ့်တာဝန်ကိုလည်း သူ့အမေက လုပ်ပေးတယ်။ ဒီတော့ ဒီမိန်းကလေးဟာ သူ့အရွယ်နဲ့သူ ဘာတွေတွေးမလဲ"

"ဘာတွေးမလဲ"

"အချစ်ကိုပေါ့"

"ဟင် . . . ဒေါ်ခွေးကလည်း"

"မဟင်နဲ့လေ၊ ဒေါ်ခွေးရဲ့ အတွေးကိုပြောတာ။ ဒေါ်ခွေးပြောရင် ပြေးကြည့်တာထက် မှန်သေးတယ်"

"ဒေါ်ခွေးရဲ့ ဖီလော်ဆော်ဖီလား"

"ဘာ . . . ဘာရယ် . . . ညစ်တီးညစ်ပတ်နဲ့"

"ညစ်ပတ်တာမဟုတ်ဘူး ဒေါ်ခွေးရဲ့၊ အကျိုးအကြောင်းကို ဆင်ခြင် သုံးသပ်တဲ့ ပညာတစ်ရပ်လားလို့ အင်္ဂလိပ်လို ပြောတာပါ"

"သိပါဘူးတော် . . .၊ ဒေါ်ခွေးက အင်္ဂလိပ်လို တန်းကုန်အောင် တတ်ထားတော့ အသေးအဖွဲဆို တယ်မသိချင်ဘူး။ အိမ်လာကြတဲ့

mgyoe.com

mgyoe.com

မောင်စိန်ခိုင့်မိန်းမတို့၊ သူ့သူငယ်ချင်းတို့က ရွတ်ရုက်ဒွတ်ဒက်ဆိုရင် ဒေါ်ဒွေးက အိုင်ဆေး ကမ်းတစ်ဖက် လောက်တယူဒီပြူး(စ်)လို့ မှတ်ထည့်လိုက်တာပဲ"

"အဲဒါက ဘာတဲ့လဲ ဒေါ်ဒွေးရဲ့"

"အိုင်ဆေးတော့ မေခင် သိပါတယ်၊ ကမ်းတစ်ဖက် တစ်ဖက်ကမ်း၊ လောက်တယူ လူတစ်ယောက်၊ ဒီပြူး ဒူးပြဲပေါ့၊ တစ်ဖက်ကမ်းမှာ လူတစ်ယောက် ဒူးပြဲသွားတယ်တဲ့"

"ကြဲကြဲဖန်ဖန် ဒေါ်ဒွေးရယ်"

မေခင်က ဟက်ဟက်ပက်ပက် ရယ်မောလိုက်သည်။

"လူတွေဟာ အင်္ဂလိပ်စကားကို သိပ်အထင်ကြီးတာ၊ ဒေါ်ဒွေးတို့လို အင်္ဂလိပ် စကားမတတ်တဲ့သူဆိုရင် လူရာမဝင်သလိုဘဲ။ စိန်ခိုင့်မိန်းမတို့ဟာ ဒေါ်ဒွေးရှေ့ဆိုရင် အင်္ဂလိပ်လိုပြောတာ၊ ဒေါ်ဒွေးလည်း သိပ် သောက်မြင်ကတ်တာနဲ့ ထမှတ်လိုက်ရော၊ သူတို့က ဒေါ်ဒွေးကို အင်္ဂလိပ်လို ဖူးဖူးနဲ့ အတင်းပြောသေးတယ်"

"ဖူး(လ်) (Fool) လား ဒေါ်ဒွေးရဲ့"

"အစစ်ပေါ့၊ ဒေါ်ဒွေးကို အရူးလို့ပြောတာ။ ဒေါ်ဒွေးသူတို့မျက်နှာရိပ်ကို မြင်တာနဲ့ သိတာပေါ့"

"ဒေါ်ဒွေးဟာ လူလည်းလူကြီး အဒေါ်လည်းတော်သေးတယ်၊ ဒီလိုတော့ ရိုင်းရိုင်းပျပျ မဆိုသင့်ပါဘူး"

"မပြည့်တဲ့အိုး ဘောင်ဘင်ခတ်တာပေါ့၊ တတ်တာ ချောက်တီး ချောက်ချက်နဲ့ အကြံညဏ်ချင်းတော့ ယှဉ်ချင်တယ်၊ အရေးဆိုရင် ဘာမှ မတတ်ဘူး"

"ကိုင်းပါ . . . သူများအကြောင်းတွေ ထားပါဦး၊ ညနေခင်း ကလေးက မသာယာဘူးလား၊ ရွှေကြက်ယက်ရွာကလေးက လှတယ်နော် ဒေါ်ဒွေး"

"ဒီတော့ မေခင်က လွမ်းရောလား"

"မေခင်က ဘာကိုလွမ်းရမှာတဲ့လဲ"

"မေခင်ရဲ့အိမ်မှာ သော့ခတ်ထားခဲ့ရတဲ့ စန္ဒရားရယ် . . . ပြီးတော့"

"ပြီးတော့ . . . ဘာလဲ"

mgyoe.com

mgyoe.com

"ဒေါ်ဒွေးပြောရင် မေခင် ရှက်သွားမယ်နော်၊ ဒေါ်ဒွေးက မေခင့်ကို ညှာပါတယ်"

"ကိုင်း . . . ဒါဖြင့် မပြောနဲ့၊ မေခင် အဟုတ် ရှက်သွားမယ်"

"ဒီကို ပြောင်းတဲ့နေ့က မေခင်ကလည်း မေခင် အလွန်မြတ်နိုးလှတဲ့ စန္ဒရားကြီးကို မသယ်ရလို့ မျက်ရည်စက်လက်နဲ့၊ မထားကလည်း သူ့သား မောင်ငွေခိုင် ထောင်ကျလို့ငိုနဲ့၊ ဒေါ်ဒွေးဖြင့် ရှူးချင်ရော"

"ခု ကိုငွေခိုင် လွတ်သွားပြီဆို"

"ရန်ကုန်ကို ဂျပန်သိမ်းအပြီး လွတ်တာပဲ။ ဒါပေမဲ့ သူ့မှာ ဆက် အလုပ် လုပ်စရာတွေ ရှိသေးလို့တဲ့ကွယ်၊ ပြန်မလာနိုင်ကြောင်း လူကြုံနဲ့ စာပေးလိုက်တယ်။ တစ်နေ့ကပဲ အဲဒီစာရတယ်"

"ဒီတော့ ဒေါ်ဒေါ်ထားက ဘာပြောသလဲ"

"မထားက ဘာပြောနိုင်မလဲ၊ မောင်ငွေခိုင်ဟာ အမြဲ သူ့သဘော နဲ့သူ လုပ်နေတာ၊ သူ့သဘောနဲ့သူ လုပ်တဲ့ ကိစ္စအတွက် သူ့အမေဟာ ဘယ် တော့မှ ရတက်မအေးနိုင်ဘူးပေါ့'

"အင်းလေ . . . ကိုငွေခိုင်က လူတစ်မျိုးပဲ"

"ဘယ်လို သူငယ်လေးလဲ မသိဘူး၊ မိဘကို ခင်မင်တွယ်တာ စိတ် လည်း မရှိဘူး။ မောင်ရွှေခိုင်နဲ့တော့ ကွာတယ်၊ မောင်ရွှေခိုင်က သူ့မိဘကို သိပ်ချစ်တာ၊ သိပ်တွယ်တာတာ"

သည်အခါတွင် မေခင်သည် 'အတွေး'နှင့် ငေးနေပြန်သည်။

× × ×

မေခင်သည် ရေသူမလေးပမာ မြစ်ပြင်တစ်လျှောက်တွင် ကူးခတ်နေ သည်။

လက်ပစ်မကူးတတ်သဖြင့် ရိုးရိုးပင် ခြေစုံခတ်၍ လက်နှစ်ဖက် ယက် ကာ ကူးနေသည်။

နံနက်ခင်းနေရောင်ခြည်သည် ရွှေမျှင်၊ ပတ္တမြားမျှင်တန်းကာ မြစ်ပြင် တွင်ရောင်ထင်ဟပ်နေသည်။ ငွေသဲမို့မို့တွင် ကိုင်းခင်းတို့သည် စိမ်းရောင် စိုလျက်၊ ထုံးဖွေးဖွေး စေတီတို့သည် တောင်ကုန်းမြင့်တွင် မားမားမတ်မတ်

mgyoe.com

mgyoe.com

တည်ရှိနေသည်။ မြစ်ဆိပ်တွင် အဝတ်ရိုက်လျှော်သူ လျှော်၊ ရေချိုးသူ ချိုးနှင့် စည်စည်ကားကား ရှိနေသည်။

မခေင်သည် ရေထဲတွင် မြူးရင်း မြူးရင်း ရေနက်ထဲသို့ ရောက်မှန်းမသိ ရောက်သွားလေသည်။ ရေကူးရသည်မှာလည်း အကျွမ်းကျင်ကြီး မဟုတ်တော့ လက်ပန်းကျလာသည်။ ကြိုးစားပမ်းစားကူးရင်း နှာခေါင်းထိ ရေနစ်သွားလိုက် ကူးလိုက်နှင့် "ငါတော့ သေပါပြီ"ဟု ငယ်သံပါအောင် အော်ကြည့်သည် မရ၊ အသံထွက်မလာ . . .

နှာခေါင်းတွင် ရေမွန်းလိုက်၊ ရေပေါ် ပေါ်လိုက်နှင့် တစ်စုံတစ်ခုသောအရာနှင့် သွားဆောင့်မိသည်။ လူတစ်ယောက်၏ ရင်ဘတ်ဖြစ်သည်။ ထိုသူသည် လျင်မြန်စွာပင် မခေင်၏ ချိုင်းနှစ်ဖက်မှ ဆွဲမလိုက်သည်။

မခေင်သည် ပါးစပ်မှ ဗလုံးဗထွေး ရေများကို ထွေးထုတ်ကာ

"တော်ပါသေးရဲ့ ရှင်၊ မခေင် ရေနစ်တော့မလို့"ဟု ပြောပြီး နှာခေါင်းထဲ မွန်လာကာ ချေလိုက်သည်။

"နစ်တော့မလို့ မဟုတ်ဘူး၊ ခင်ဗျား နစ်စပြုနေတာ"

သူသည် ပြောရင်းဆိုရင်း မခေင့်အား ရေတိမ်ရာဘက်သို့ ဆွဲခေါ်သွားလေသည်။

"ရေမချိုးတော့ပါဘူး၊ မခေင် အပေါ်တက်ပြီး အဝတ်လဲလိုက်ဦးမယ်နော်၊ ပြီးတော့ ဟိုဖောင်ပေါ်က လှမ်းခေါ်လိုက်မယ်။ ရှင့်ကို မခေင် သိပ်ကျေးဇူးတင်တာပဲ၊ ရှင်ပေးတဲ့ အသက်ပဲ မခေင့်မှာ ရှိပါတော့တယ်"

မခေင်သည် ရှက်ရှက်နှင့် တုန်ယင်စွာ ပြောလိုက်လေသည်။ မခေင်၏ မျက်နှာလေးသည် နီမြန်းနေသည်။

"ကိစ္စမရှိပါဘူး၊ ကျွန်တော် ဒီလိုသဘောမထားပါဘူး"ဟု ပြောလျက် လှပသော မခေင့်မျက်နှာလေးကို စိုက်ကြည့်နေ၏။

အစိမ်းနုရောင်တွင် အဖြူနှင့် အနက်အစက်ကလေးများ ပြောက်ထားသော ထဘီမှာ ခရေစိုလျက်ကိုယ်တွင် ကပ်နေရာ မခေင်၏အလှသည် ဝင်းပ၍နေသည်။

မခေင်သည် ကမ်းပေါ်သို့ အပြေးကလေးတက်ကာ သစ်ဖောင်တစ်ခုပေါ်တွင် တင်ထားသော မျက်နှာသုတ်ပဝါကို လှမ်းခြုံလိုက်ကာ ထဘီကို

mgyoe.com

mgyoe.com
လဲလိုက်သည်။ ထဘီကို ဆပ်ပြာတိုက်ဖွတ်လျှော်ပြီးနောက် ဖောင်အစွန်းတွင် ရပ်လျက် . . .

"ဒီမှာရှင့် ဒီမှာ"

ထိုလူရွယ်ကား မေခင်နှင့် ရွယ်တူတန်းတူ အရပ်မြင့်မြင့်၊ အသားလတ်လတ်၊ ငယ်သွေးငယ်မှု မပျောက်သေးသော ရုပ်ရည်မျိုးရှိလေသည်။ လူရွယ်သည် မေခင်ရှိရာသို့ လှမ်းကြည့်ကာ ပါးစပ်ထဲမှ ရေများ ထွေးထုတ်လျက်

"ကျွန်တော့်နာမည် အောင်တဲ့"ဟု လှမ်းအော်ပြောလိုက်လေသည်။

"အောင် . . ."

မေခင်ကား မျက်မှောက်ကလေးကုတ်ကာ ပဲ့တင်ထပ်ဆဲ . . .

"ဟုတ်တယ် အောင်"

"ကိုအောင့်ကို မေခင် ကျေးဇူးတင်ပါတယ်လို့ ထပ်ပြောပါရစေဦး။ နောက်ပြီး မေခင်တို့ရဲ့ အိမ်က ဟောဒီရွှေကြက်ယက်ရွာထဲမှာပဲ၊ ဒေါ်အေးမိတို့ ရက်ကန်းစင်နဲ့ မျက်နှာချင်းဆိုင်အိမ်ပဲ၊ လာလည်ပါ"

"ကျွန်တော့်ကို အများက "အောင်" လို့ပဲ ခေါ်တဲ့အတွက် မေခင်ကလည်း အောင်လို့ပဲ ခေါ်ပါ"

အောင်သည် သူ့ရင်ခေါင်းလောက် ရှိသော မြစ်ရေကို လက်ဖြင့် ဆော့ကစားနေသည်။ သူရယ်ပြုံးလိုက်သောအခါ သွားတက်ကလေး ပေါ်လာလေသည်။ သူ၏ဆံပင်လေးများကား နူးညံ့ပျော့ပျောင်းကာ နဖူးပေါ် ဝဲကျနေသည်။

သူ၏မျက်နှာသည် ကလေးလေးတစ်ယောက်၏မျက်နှာလို အလွန်တရာ အပြစ်ကင်းစင်လေသည်။

အောင်သည် ရေဆိပ်သို့တက်လာပြီး ကျောက်တုံးပေါ်တွင် တင်ထားသော သူ့အဝတ်အစားများကို လဲလှယ်နေသည်။

စပို့ရှပ်အစိမ်းနုရောင်၊ ပလေကတ်လုံချည်အဖြူခံတွင် အညိုစင်း ဝတ်ထားသော အောင်သည် လူချောကလေးတစ်ယောက်ပင်တည်း။

အောင်သည် မေခင်ရပ်နေရာ ဖောင်ပေါ်သို့ တက်လာပြီး

"ကျွန်တော်ကတော့ စစ်ကိုင်းမှာ နေပါတယ်၊ စစ်ကိုင်းရေဆိပ်က
mgyoe.com

mgyoe.com

ရေချိုးရတာ သိပ်မကောင်းလို့ ဒီဘက်ကို ငှက်နဲ့ကူးပြီး လာချိုးတာပါ"

"ဟင် . . . ငှက်နဲ့တောင် ကူးပြီး လာချိုးရတယ်"

"ဟုတ်တယ်၊ ဒီကရေဟာ ပိုပြီး ကြည်လင်တယ်၊ အောက်ခံကလည်း သဲဆိုတော့ ပိုနင်းလို့ကောင်းတယ်။ ပြီးတော့ ဒီကနေ စစ်ကိုင်း တောင်ရိုးကို လှမ်းမြင်ရတာ သိပ်ကြည်နူးစရာကောင်းတာပဲ၊ မကြည်နူးဘူးလား"

"ဟုတ်ကဲ့၊ မေခင်လည်း သိပ်ကြည်နူးတာပဲ"

အောင်က အဝါရောင်ဖျော့ဖျော့ ရှုံသားအင်္ကျီနှင့် အနီခံတွင် အဝါပွင့်ရိုက်တိုဘရက်ကိုလုံချည်လေး ဝတ်ထားသော မေခင်အား ငေးကြည့်နေမိသည်။

"ခင်ဗျားနာမည်က မေခင်ပဲလား၊ ဒါမှမဟုတ် မေမေခင်၊ မေခင်ခင်များလား"

"မေခင်ပါပဲ"

"အဲဒီနှစ်လုံးတည်းက ပိုတောင်ကောင်းသေး၊ ရှင်းလည်း ရှင်းတယ်"

"မေခင်လည်း ပြန်ဦးမှ၊ မေခင့်ရဲ့အမေ မျှော်နေရော့မယ်"

"ခင်ဗျား တစ်ယောက်တည်း ရေချိုးဆိပ် လာတာလား၊ အဖော်မပါဘူးလား"

"မေခင့်မှာ အဖော်ရယ်လို့ မရှိဘူး၊ မေခင်တစ်ယောက်တည်းကိုပဲ မေခင့်မိဘက မွေးခဲ့တာ။ ပြီးတော့ ဖေဖေကလည်း ဒီဇင်ဘာတုန်းက ဆုံးခဲ့ပြီ"

"အို . . . ဖြစ်ရလေဗျာ၊ ကျွန်တော်ကတော့ မိစုံ–ဖစုံရှိပါတယ်။ ကျွန်တော့်အထက် အစ်မနှစ်ယောက် ရှိသေးတယ်၊ ကျွန်တော်က အထွေးဆုံးပဲ။ ကျွန်တော်က ကူရှင်ကျောင်းမှာ နေခဲ့ပါတယ်။ စစ်ဖြစ်တော့ ၁၀ တန်း မဖြေရသေးခင်မှာ ကျောင်းက ထွက်လိုက်ရတယ်"

"မေခင်လည်း အေဘီယံကျောင်းမှာ ၁၀ တန်းနဲ့ စစ်ဖြစ်လို့ ကျောင်းက ထွက်လိုက်ရတယ်"

"အေဘီယံဆိုတော့ ကူရှင်ကျောင်းနဲ့ဟာ နီးသားပဲ၊ မေခင် နေတော့ ကော"

"အလုံထီးတန်းမှာ"

"ဟောဗျာ . . . ကျွန်တော်နေတာက အလုံ ဆူပါဗင်လမ်းမှာ။ ကျွန်တော့်

mgyoe.com

mgyoe.com

တို့နှစ်ယောက် မဆုံမိလို့သာနေ့ာ်၊ နီးတော့ နီးသားပဲ"

အောင်သည် ရေစိုနေသော ခေါင်းမှ ဆံပင်များကို ပွတ်သပ်ကာ ရွှင်ပြုံးသော မျက်နှာထားနှင့် ပြောလိုက်လေသည်။

"စကားတော့ ကောင်းပါရဲ့၊ မေခင် ပြန်ဦးမယ်"

"ကျွန်တော် လိုက်ပို့မယ်လေ"

"နေပါစေ ... မေခင့်ဘာသာ မေခင် တစ်ယောက်တည်း ပြန်နေကျပါ"

"မိန်းကလေး တစ်ယောက်တည်း ပြန်တာ မကောင်းပါဘူး။ ကျွန်တော် လိုက်ပို့ပါ့မယ်"

"နေပါစေရှင်'

"ကျွန်တော်တော့ လိုက်ပို့မှာပဲ"

အောင်ကား ဇွတ်တိုးပြောနေလေသည်။

"ကိုအောင်က သိပ်ခက်တာပဲ၊ ခုမှတွေ့တဲ့လူချင်း တယ် ရင်းနှီးချင်တာပဲ။ ဒါပေမဲ့ မေခင့်အသက်ကို ကယ်တဲ့အတွက်"

"တော် . . . တော်၊ ဒီစကားမျိုးပြောရင် ကျွန်တော် မလိုက်တော့ဘူး။ ကျွန်တော် ဒါအတွက် အခွင့်အရေးယူတာ မဟုတ်ဘူး၊ ကျွန်တော်က စေတနာနဲ့ပြောတာ။ မလိုက်တော့ဘူး၊ မေခင် ပြန်တော့"

အောင်ကား ကလေးဆိုးကြီးသဖွယ်ပြောကာ ပေတေတေနှင့် ရပ်နေသည်။

"လိုက်ခဲ့ပါ၊ မေခင်က ကိုအောင် ပင်ပန်းမှာစိုးလို့ ပြောတာပါ"

"အမယ်ဗျာ . . . ဒါများ အပန်းကြီးတာလိုက်လို့"

မေခင်နှင့် အောင်တို့သည် တဖြည်းဖြည်း ကမ်းစပ်မှ လျှောက်လာကြသည်။ သဲသောင်ပြင်မှလွန်၍ ရွာအဝင်တွင် ခြံစည်းရိုး ကာထားသော တဲအိမ်ငယ်များ တွေ့ရသည်။ ခြံစည်းရိုးခတ်ထားသော ခြံများထဲတွင် သရက်၊ ပိန္နဲ၊ ဩဇာ၊ မာလကာပင်များ ပေါက်ရောက်ကာ စိမ်းဖန့်ဖန့် ရှက်နုတက်နေသော မန်းကျည်းပင်များကိုလည်း ရွာ့ကျက်သရေအဖြစ် တွေ့မြင်ရလေသည်။

မေခင်သည် ရှေးနှင့်မတူ တတ်သိနားလည်သော မိန်းမကြီး ဟန်ပန်မျိုးနှင့် . . .

mgyoe.com

mgyoe.com

"ကိုအောင့်ကို အိမ်က သိပ်အလိုလိုက်ထားတယ်နဲ့ တူတယ်"

"အလိုလိုက်လား မလိုက်လားတော့ မသိဘူး၊ ကျွန်တော်လိုချင်တာ၊ ကျွန်တော်ဖြစ်ချင်တာတော့ လိုချင်တယ်၊ ဖြစ်ချင်တယ် ဖြစ်အောင်လည်း လုပ်တယ်။ ဒါပေမဲ့ ကျွန်တော်မကောင်းတာတော့ ဘယ်တော့မှ မလိုချင်ဘူး၊ မဖြစ်ချင်ဘူး။ ကျွန်တော် မှန်တယ်ထင်တာတော့ ဘယ်သူ ဖျက်ဖျက် မရဘူး၊ ဇွတ်လုပ်မှာပဲ"

မေခင်သည် ကိုငွေခိုင်အား ဖျတ်ခနဲသတိရကာ . . .

"ယောကျ်ားလေးတွေဟာ ဒီလိုပဲ ထင်ပါရဲ့နော်"

"မိန်းကလေးတွေကကော ဒီလိုမဟုတ်ဘူးလား"

"မိန်းကလေးတွေက သိပ်စဉ်းစားတယ်ရှင့်။ မှန်တယ်ထင်တဲ့ အရာပေတဲ့ ဇွတ်မလုပ်ရဲဘူး၊ ပတ်ဝန်းကျင်ကို သိပ်ငဲ့တာ"

"မေခင်ကော ဒီလိုပဲလား"

အောင်က မေခင်အား စူးစူးစိုက်စိုက် ကြည့်ကာ မေးလိုက်လေသည်။

"မေခင်လား။ ဒီလို ဟုတ်မဟုတ် အရေးကြုံမှ သိရမှာပဲ၊ ခုတော့ မသိဘူးလေ"

မေခင်ကား တိုတောင်းစွာ ဖြေလိုက်လေသည်။

သူတို့နှစ်ယောက်သည် မေခင်က ရှေ့ကသွား၍ အောင်က နောက်မှ လိုက်လာလေသည်။ အောင်သည် ပြည်လှဖေနှင့် မေရှင်တို့ သီဆိုသော ရွှေးရေစက် သီချင်းအလိုက်ကို လေချွန်လာလေသည်။

"လူမြင်ရင် ချစ်ချင်ဖွယ်၊ ရုပ်ပါရုံ ချောလှတယ်၊ သဘောကောင်းတဲ့ သူကလေးရယ်၊ အတူဆုံဖို့ နဖူးစာရေးတယ်"

ဟူသော သီချင်းကား အလိုက်ပင်တည်း။ မေခင် မကြာခဏ ဆိုသလိုပင် စန္ဒရားနှင့် တီးတတ်သော သီချင်းပင်တည်း။

မေခင် ထိုသီချင်းတီးသည်ကို အမိုး ဘယ်တော့မှ မကြိုက်ခဲ့ပေ။ အမိုး မကြိုက်သည့် သီချင်းတစ်ပုဒ်လည်း ရှိသေးသည်။ "ချစ်ဗျူဟာ" သီချင်းတည်း။

"အိစက်ညက်ညောတဲ့ ဖဲမွေ့ရာပေါ်ဝယ် . . . ချစ်တလင်းခေါ်မယ်၊ ချစ်ဗျူဟာကျင်းမယ့်တူမောင်မယ်"ဟု မေခင်က ဆိုလိုက်လျှင်၊ အမိုးက

mgyoe.com

mgyoe.com

"မိမေခင် တော်တော့"ဟု မခေါ်စဖူး မိ တပ်ခေါ်ကာ ဆိုမြည်တတ်လေသည်။

"မေခင် သီချင်း ဝါသနာမပါဘူးလား"

"ပါပါတယ်"

"တီးတာကော"

"ပါသားပဲ"

"ကျွန်တော်တော့ စန္ဒရားသိပ်တီးတတ်ချင်တာပဲ၊ မေခင်ကော မတီးတတ်ချင်ဘူးလား"

"မေခင် နည်းနည်းပါးပါး တီးတတ်ပါတယ်၊ သိပ်တော့ တော်ချင်တာပဲ။ ခု စစ်ပြေးလို့ စန္ဒရား အိမ်မှာထားခဲ့ရတာ စိတ်မကောင်းဘူး၊ လက်ပျက်နေပြီ"

"သိပ်ဟန်ကျတာပဲ မေခင်ရယ်၊ စောစောက ကျွန်တော့်ကို ပြောရောပေါ့"

မေခင်သည် မြေလမ်းငယ်လေးများကို ချိုးကွေ့လာရင်း "ဟော ဟိုမန်ကျည်းပင် ရှေ့က အိမ်ဟာ မေခင်တို့အိမ်ပေါ့"

"မေခင်တို့အိမ် ရောက်ရင် ကျွန်တော် ပြန်တော့မယ်"

"ဩော် . . . ပြန်တော့မလား၊ အိမ်ကို ဝင်ပါဦးတော့"

"မဝင်တော့ဘူး မေခင်၊ ပြန်ဦးမယ်၊ နောက်မှ လာလည်တော့မယ်"

မေခင်သည် အိမ်ထဲ လှမ်းကြည့်ကာ . . .

"နောက် ဆက်ဆက်လာလည်နော် မေခင်သွားမယ်"

အောင်ကား ခေါင်းညိတ်လိုက်၏။ မေခင်သည် ခပ်သွက်သွက်လေး လျှောက်သွားဆဲတွင် . . .

"မေခင်"

အောင်က လှမ်းအော်ခေါ်လိုက်သည်။ မေခင်သည် ခြေလှမ်းတုံ့ကာ ပြန်လာသည်။

"ဘာလဲ ကိုအောင်"

"ကျွန်တော့်ကို အောင်လို့ပဲ ခေါ်ပါလို့ တောင်းပန်ပါရစေ၊ ပြီးတော့ မေခင်ကလည်း ကျွန်တော့်ဆီရောက်ရင် ဝင်ပါလို့ ပြောမလို့ပါ၊ ကျွန်တော့်

mgyoe.com

mgyoe.com

တို့ နေတာကတော့ စစ်ကိုင်းပညာလင်္ကာရချောင်မှာပါ"

"ဟုတ်ကဲ့"ဟု မေခင်ကဆိုလျက် အိမ်ဘက်သို့ လျှောက်လာပြန်သည်။

အောင်ကား မေခင် အိမ်ထဲဝင်သွားသည်အထိ မျက်စိတစ်ဆုံး ကြည့်နေသည်ကို မေခင်က ခေါင်းဘေးတိုက်အလှည့်တွင် မြင်ရလေသည်။ ။

mgyoe.com

mgyoe.com

[ ၆ ]

ရွှေကြက်ယက် ရွာကလေးတွင် ဂျပန်တို့ တပ်ချလာကတည်းက မခေင်သည် အိမ်ထဲက အိမ်ပြင် တယ်ထွက်လေ့မရှိပေ။ ရေချိုးလျှင် တစ်ဖက်ခြံမှ အပျိုကြီးညီအစ်မ လေးဦးအိမ်က တူးထားသော ရေတွင်းတွင် ချိုးသည်။

အခြားခြံဝင်းမှ ရေတွင်းများကား လွယ်ကူသဖြင့် ဂျပန်တို့ ချိုးသုံးကြသည်။

မခေင်သည် ကန်စွန်းရွက်များကို ဆန်ခါထဲချွေသင်ရင်း ထမင်းအိုးတည်ထားသည်။ အမိုးကား ဈေးသို့သွားသည်။ မခေင်သည် အမိုးကို အတော်အကူအညီပေးတတ်သော မိန်းကလေးဖြစ်၍နေပေပြီ။

နံနက် ၈ နာရီခွဲခန့်ရှိ၍ နေပေပြီ။

မခေင်သည် ခြေသံရှပ်ရှပ်ကြားရသဖြင့် အမိုးအမှတ်နှင့် ခေါင်းမော့မကြည့်ဘဲနေရာမှ တဟောဟော မောသံကြီးကြားရမှာ မော့ကြည့်ရာ ကျွတ်သောထဘီစကိုလက်နှင့်ကိုင်ကာ ဖရိုဖရဲနှင့် ဒေါ်ဒွေးကို တွေ့ရလေသည်။

"ဒေါ်ဒွေး ဘယ်လိုဖြစ်လာတာလဲ"

မခေင်သည် ထမင်းအိုးဖုံးကို လှန်ချကာ ကန်စွန်းရိုးများကို ဓားနှင့်ခွဲစိတ်ရင်း မေးလိုက်သည်။

"ကျုပ်ဖြင့် ရှက်လိုက်တာတော်၊ တကတဲ တစ်သက်နဲ့ တစ်ကိုယ်ဒါလောက် ရင်မတုန်ဖူးဘူး၊ ဘုရားစူးရပါစေရဲ့"

"ထိုင်ပါဦး ဒေါ်ဒွေးရဲ့၊ ဘာများ ဖြစ်လာရတာလဲ ဒါလောက်တောင်"

မခေင်ကား ဖင်ထိုင်ခုံလေးတစ်ခု ထိုးပေးလိုက်သည်။ ဖင်ထိုင်ခုံလေး

mgyoe.com

mgyoe.com
မှာ ဒေါ်ဒွေး၏ တင်သားတစ်ခြမ်းမျှပင် မရှိချေ။

"သတ္တဝါနဲ့ လက်နက်နဲ့မမျှ၊ ဖယ်စမ်းပါ . . . ဒေါ်ဒွေး ကြမ်းပြင်ပေါ်မှာပဲ ထိုင်ချစမ်းပါရစေ"

မေခင်၏ခုံကို လက်နှင့်ဖယ်ကာ ကြမ်းပြင်ပေါ် ထိုင်ချရင်း မောမြမောနေပြန်သည်။

"ကိုင်း . . . ပြောစမ်းပါ၊ ဘာဖြစ်တာလဲဆိုတာ"

"သေနာကောင်တွေပေါ့တော်"

"ဘယ်သူ့ကို ဆဲနေတာလဲ ဒေါ်ဒွေးရဲ့"

"ဂျပန်တွေ"

"ဂျပန်တွေ ဘာဖြစ်သလဲ"

"ဒေါ်ဒွေးက အိမ်အတွက် တောင်းတစ်လုံးနဲ့ ဈေးဝယ်ဖို့လို့ ဈေးအသွား လမ်းက မပုရေတွင်းမှာ ဂျပန်တစ်အုပ်နဲ့ တွေ့တာပဲ၊ ဒေါ်ဒွေးကလည်း တောင်းကြီး ခေါင်းပေါ်ရွက်လို့ပေါ့။ ဒေါ်ဒွေးကို ဈေးသည်မှတ်လို့ထင်ပါရဲ့ လက်ခုပ်တီးခေါ်တဲ့သူက လန်ကွတ်တီစည်းလို့။ ရွံ့စရာကြီးတော်၊ ထွီ ...။ ဒါနဲ့ မသွားဘဲနေလိုက်ရင် ရန်မူမှာကြောက်လို့ တောင်းဖွင့်ပြလိုက်တယ်၊ ဝယ်ထားတဲ့ပစ္စည်းတွေ ယူချင်လည်း ယူတော့ဆိုပြီးတော့လေ"

"ဈေးသည်မဟုတ်ဘူးလို့ လက်ခါပြလိုက်ပါလား"

မေခင်ကား လက်ကလေးခါပြရင်း ပြောလိုက်လေသည်။

"ဒါမှ မရောင်းဘူးပြောတာအောက်မေ့ပြီး ဒေါ်ဒွေးကို သေနတ်နဲ့ပစ်ရင် ဘယ့်နှယ်လုပ်မလဲ၊ ဒေါ်ဒွေးသွားရတာပေါ့၊ အနားရောက်မှ ဖြေရှင်းရတာက ကောင်းသေးတယ်။ ဒေါ်ဒွေး အနားရောက်တော့ လန်ကွတ်တီဆရာတင်မကဘူး၊ သူ့အဖော်တွေပါ ဝိုင်းအုံမေးကြတယ်။ ဒေါ်ဒွေးကလည်း ဈေးသည်မဟုတ်ကြောင်းရှင်းပြမလို့ မော့ကြည့်တော့၊ လား . . . လား . . . ဒေါ်ဒွေးတစ်သက်နဲ့တစ်ကိုယ် ဒါလောက် ကြက်သီး မထဖူးပါဘူး၊ ကိုယ်တုံးလုံးကြီးတွေနဲ့"

"ဟောတော့"

မေခင်က အလန့်တကြား အော်လိုက်လေသည်။

"တကတဲ သောက်ရှက်နည်းတဲ့ ကောင်တွေပဲ၊ ဒေါ်ဒွေးလည်း တောင်း

mgyoe.com
ကိုထားခဲ့ပြီး မျက်နှာ လက်ဝါးနဲ့အုပ်ပြီး ထွက်ပြေးလာခဲ့ရတယ်။ ဒီတစ်ခါတော့ ဘာလုပ်လုပ် မတတ်နိုင်ဘူး၊ ပြေးတာပဲ မခေင်ရယ်"

မေခင်က ဒေါ်ဒွေးဖြစ်ပုံကို တွေးကာ တသောသော ရယ်မောနေသည်။

"ဖြစ်ရလေ ဒေါ်ဒွေးရယ်"

"သူတို့ဟာ နေနဲ့အမျိုးတော်တယ်ဆိုလား ဘာလား၊ ဒေါ်ဒွေးစိတ်ထဲက ထူးထူးခြားခြား အောက်မေ့တာ၊ အောင်မယ်လေး သူလိုကိုယ်လိုပါပဲတော်"

ဒေါ်ဒွေးသည် ရင်ဘတ်စည်တီးပြောနေရာ မေခင်ကား ဟက်ဟက်ပက်ပက် ရယ်မောရင်း . . .

"တော်ပါတော့ ဒေါ်ဒွေးကလဲ"

"သိပ်ရိုင်းတာပဲ၊ မိမွေးတိုင်း ဖမွေးတိုင်း ရေချိုးတာ လွန်လှပြီ၊ ဈေးသည်ခေါ်ဝယ်ရသေးတယ်။ ပြီးတော့ မိန်းမကို ခေါ်တာတဲ့"

"ဩော် . . . တော်ပါတော့"

"ဂျပန်တွေဟာ ဒါလောက် ရိုင်းမယ် မထင်ဘူး"

"ယဉ်ကျေးတာတွေကျတော့ သိပ်ယဉ်ကျေးတာပဲ"

"မနေ့က မေခင်တို့အိမ်လာတဲ့ ဂျပန်က ယဉ်ကျေးသလား"

"ယဉ်ကျေးပါတယ်။ မေခင် ဈေးသွားတုန်း ဂျပန်တွေ တသီကြီး၊ 'နီပွန် . . . နီပွန်' နဲ့ခေါ်ပြီး နောက်က လိုက်လာကြတယ်၊ ဘာမှတော့ မလုပ်ပါဘူး။ မေခင့်ရှေ့က ဒီလို ဆံပင်တွေချထားတော့ ဂျပန်နဲ့တူတယ် ပြောတာ ထင်ပါရဲ့။ မေခင်လည်း ခပ်သုတ်သုတ်နဲ့ ရှေ့ကလာတုန်း ဂျပန်တစ်ယောက်နဲ့ လမ်းမှာ မျက်နှာချင်းဆိုင် ဆုံပြန်ရော၊ သူက မေခင့်နောက်က ဂျပန်တစ်သိုက်ကို ဆူပူ ကြိမ်းမောင်းပြီး မေခင်တစ်ယောက်တည်း အိမ်ပြန်စေတယ်"

"မနေ့ညနေက မေခင့်ဆီလာတဲ့ ဂျပန်လား။ သူကတော့လည်း သိမ်သိမ်မွေ့မွေ့ပဲ၊ ချောလည်းချောတယ်၊ ဂျပန်ပေမဲ့ . . . အရပ်ကလဲ မြင့်တယ်နော်"

"သူက မနေ့က မေခင် အဝတ်လှန်းနေတုန်းမြင်လို့ ဝင်လာတာ၊ ဗိုလ်မှူးတဲ့၊ အင်္ဂလိပ်လိုလည်း ရေရေလည်လည် တတ်တယ်။ စစ်မဖြစ်ခင်
mgyoe.com

တုန်းက သတင်းစာဆရာတဲ့၊ တက္ကသိုလ်က ဒီဂရီလည်း ရခဲ့တယ်တဲ့။ သူက ပြောသေးတယ်၊ စစ်ဖြစ်တယ်ဆိုတာ လူပေါင်းစုံ စစ်ထဲဝင်လာတော့ ရိုင်းတာလည်းပါသလို ယဉ်ကျေးတာလည်း ပါသတဲ့၊ အရှေ့တိုင်းသား တွေမှာ အလွန်ယဉ်ကျေးသိမ်မွေ့တဲ့ အမူအရာရှိသလို ဂျပန်မှာလည်း ရှိပါ သတဲ့"

"အင်း . . . အင်း ဒီဂျပန်ကတော့ တော်ရှာသားပဲ"

"ဂျပန်ဆိုတာ လူကြီးမိဘ သိပ်ရိုသေပြီး မိဘနဲ့တူတဲ့ လူကြီးများ တွေ့ရင် မိဘသဖွယ် အရိုအသေပေးတတ်သတဲ့။ ဒါပေမဲ့ သူတွေ့မြင် နေရတဲ့ ဂျပန်စစ်သားတွေကတော့ မိဘနဲ့တူတဲ့ လူကြီးတွေကို တွန်းထိုးပြီး လိုတဲ့ပစ္စည်းယူ၊ မပေးရင် ပါးနားရိုက်နဲ့တဲ့၊ သိပ်ရက်ဖို့ ကောင်းတာပဲတဲ့၊ မနေ့က မေခင့်နောက်လိုက်တဲ့ ဂျပန်တွေကိုလည်း အပြစ်ပေးပြီးပါပြီတဲ့၊ နောက် အနှောင့်အယှက်ပေးရင်လည်း သူ့ကို လာတိုင်ပါတဲ့"

"ဒီလိုဆိုရင် သိပ်တော်တာပေါ့"

"တော်ပါတယ်၊ သူ့မှာ နှမလေး တစ်ယောက်ပဲ ရှိတယ်တဲ့၊ ဓာတ်ပုံ ထုတ်ပြတယ်။ မေခင့်ကိုတော့ သူ့ရဲ့ ဖေးဗရိတ် ဂျပန်ရုပ်ရှင်မင်းသမီး တစ်ယောက်နဲ့ သိပ်တူတာပဲတဲ့၊ ဓာတ်ပုံတောင် ထုတ်ပြသေးတယ်"

"မေခင်တို့များ ခုနေ မျက်နှာပွင့်လန်းနေလိုက်တာ၊ ရေနစ်လို့ ဆယ် မယ့်သူနဲ့၊ ကူညီစောင်မမယ့် ဂျပန်စစ်ဗိုလ်နဲ့"

"ဒေါ်ဒွေးလည်း ခုတလော လာဘ်တိုက်နေတယ် မဟုတ်လား"

မေခင်သည် ဒေါ်ဒွေး၏ ခါးကိုတို့ကာ စလိုက်သည်။

ဒေါ်ဒွေးသည် ခါးကိုတွန့်ကာ "ဟဲ့ သောက်ပလုတ်တုတ်" ဟု ယောင် လေသည်။

"မေခင်ရယ် ဒေါ်ဒွေးဖြင့် ဒါကိုတွေ့ရင် သိပ်ရက်တာပဲ၊ မောင်ရွှေခိုင် ကတော့ ဒေါ်ဒွေး ဒါ့ကြောင့် အပျိုကြီးဖြစ်တာတဲ့"

မေခင်သည် ဒေါ်ဒွေးအား စကားပြောရင်း ကန်စွန်းရွက်သင်ပြီး၍ ထမင်းတစ်အိုးလည်း နပ်ပေပြီ။

မကြာမီ အမိုးပြန်လာသောအခါ နံနက်စာချက်ပြုတ်ရန် အသားငါး များကို ပြင်ဆင်ကြလေသည်။ ။

mgyoe.com